# ကောင်းကင်ဘုံ သို့ လျှပ်တပြက်

**စိတ်နှလုံး ကြည်နူးအားရစေသော ဆင်ခြင်စဉ်းစားစရာများ ကိုယ်ပိုင် အတွေ့အကြုံ အကြောင်းအရာများ၊ ကျော်ကြားသူများနှင့် ပတ်သက်သော အကြောင်းအရာ အကျဉ်းနှင့် ကဗျာစာပိုဒ်များဖြင့် တစ်ဖက်ကမ်းမှ ထာဝရ အသက်ကို ဖော်ညွှန်းပြသနေသော စာအုပ် တစ်အုပ်ဖြစ်ပါသည်။**

**ဖီးလစ်ရှဲဝုဒ် - စီစဉ်တည်းဖြတ်သည်။**

## မာတိကာ


၁။ နိဒါန်း
၂။ ကောင်းကင်ဘုံကို လွမ်းဆွတ်လို့နေ
၃။ ဤဘဝပြီး နောက်ဘဝ
၄။ နွေးထွေးလုံခြုံနေစေရန် ခိုကိုးဆီးကပ်ပါ
၅။ ဝမ်းနည်းရန် မလိုတော့ပါ
၆။ ချစ်မြတ်နိုးခဲ့သူများနှင့် ပြန်လည်ဆုံဆည်းခြင်း
၇။ ကျွန်ုပ်တို့၏ ကောင်းကင်ဘုံ ကိုယ်ခန္ဓာများ
၈။ သင်ကြားနေ၊ ဆည်းပူးနေ၊ မှတ်သားနေ
၉။ ပကတိစစ်မှန် ကောင်းကင်နိုင်ငံ
၁၀။ ကောင်းကင် ရွှေမြို့တော်
၁၁။ နိဂုံး ။


### *ကောင်းကင် တံခါးဝမှ လှမ်းကြည့်လိုက်ခြင်း !*

သေခြင်း၊ နာခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်း၊ ဖျားနာခြင်း မရှိတော့သော ကမ္ဘာလောက ဝမ်းမြောက်ပျော်ရွှင်ခြင်း သာယာကြည်နူးခြင်းသာ ဖုံးလွှမ်းနေသော ကမ္ဘာလောက၊ ဤသို့သော ကမ္ဘာလောကမျိုးကို သင်တွေးထင် မှန်းဆကြည့်နိုင်ပါသလား။ တစ်ဦးနှင့်တစ်ဦး ပူးပေါင်းညီညာ ချစ်ချင်းမေတ္တာ လွှမ်းခြုံလျက် အတူတစ်ကွ လုပ်ကိုင်နေထိုင်ကြသော လူ့ဘောင်အဖွဲ့အစည်း ဆိုသည်မှာ မည်သည့် အရပ်ပေတည်း။ ထိုအရပ်ကား ကောင်းကင်နိုင်ငံပေတည်း။

*ကောင်းကင်ဘုံသို့ လျှပ်တပျက်* စာအုပ်သည် တမူထူးခြားသော သင်၏ အတွေးအခေါ်အား ပေါ်ထွန်းပွားများ လာစေပါသည်။ ဤစာအုပ်တွင် ကမ္ဘာ့အကျော်အမော် အချို့နှင့် ပါတ်သက်သော အကြောင်းအရာ အကျဉ်းချုပ်၊ ဆင်ခြင်စဉ်းစားစရာများ စာပေကိုးကားချက်များနှင့် ကဗျာပိုဒ်များ ပါဝင်သည့် နောင်တမလွန် ဘဝ၌ ကောင်းကင်ရွှေပြည်တွင် ကြုံတွေ့ရမည့် အံ့ဘွယ်ရာများအား ဖော်ထုတ်ရေးသားထားပါသည်။ ဤစာအုပ်သည် စုံလင်လှသော အရေးအသား စာပေများ၊ စာရေးဆရာ ပေါင်းစုံတို့၏ မူလလက်ရာများကို စုဆည်းထားပြီး သင့်အား ဤဘဝနိဂုံး ချုပ်ခြင်းသည် “ထောင်ထဲမှာနေ၍ နန်းတော်သို့ သွားရာ ထွက်ပေါက်တစ်ခု” သာ ဖြစ်ကြောင်းကို သိရှိနားလည်စေကာ ကျွန်တော်တို့ အလွန်တမ်းတဆန္ဒ ပြင်းပြသော အရာများကို ပြည့်ဝစွာ ခံစားသိရှိခွင့် ရပေတော့မည်။

## နိဒါန်း

ကောင်းကင်ဘုံနှင့် တစ်ကွ နောင်တမလွန် ထာဝရ အသက်ရှင်ခြင်းနှင့် အကြုံးဝင်သော အကြောင်းအရာနှင့် ပါတ်သက်၍ ရောထွေးဒွိဟ ဖြစ်စေသော ပြောဆိုခံစားမှုများကို ဖြစ်ပေါ်လျက် ရှိပါသည်။ ကျွန်တော်တို့ အများအပြားကမူ ကောင်းကင်ဘုံသည် အလွန်ထူးဆန်း အံ့ဩဘွယ်ရာ ပျော်ရွှင်ချမ်းမြေ့ဘွယ်ရာ ကောင်းသော နေရာတစ်ခုအဖြစ် ထင်မြင်ယူဆ ကြပါသည်။ ထိုသို့ တွေးမြင်လင့်ကစား ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့ မြတ်နိုးချစ်ခင်သူများ၏ အသက်များ သေဆုံးမည်ကို စိုးရိမ်ကြောင့်ကြလာသော အခါ၌မူ - နောက်ရရှိမည့် အသက်တာကို ကူးပြောင်းရာ၌ ကြောက်မက်ဖွယ်ရာ မကောင်းဆိုးဝါး တစ်ခုအဖြစ် တွေးမြင်တတ် ကြပေသည်။ ထိုသို့ တွေးမြင် စိုးရိမ်သည်နှင့်အမျှ ကောင်းကင်ဘုံသည် ကြာနိုင်သမျှ ကြာအောင် ရွှေ့ဆိုင်းရှောင်ကျဉ် သင့်သော ဆိုးဝါးလှသည့် အရပ်တစ်ခုကဲ့သို့ ထင်မှတ်ကြပေသည်။

ဤစာအုပ်တွင် စုစည်းတင်ပြထားသော ဆင်ပြင်စဉ်းစားစရာများ၊ ရေးသား ဖေါ်ပြချက်များ၊ ကျော်စောသော ပုဂ္ဂိုလ်များ၏ အကြောင်းချင်းရာ အတိုချုပ်များ၊ ကဗျာများသည် ကောင်းကင်ဘုံသည် အလွန်စစ်မှန်သော နေရာအမှန်ရှိသော အရပ်ဖြစ်ပြီး ကျွန်ုပ်တို့ တစ်ဦးချင်းသည် ချွတ်ယွင်းချက် မရှိသော ချစ်ချင်းမေတ္တာကို ရရှိနိုင်ကာ ကျေနပ်မှု အပြည့်အဝ ရရှိနိုင်မည်ဟူသော ယုံကြည်ချက်ကို အားဖြည့် ရှင်သန် စေနိုင်ပါသည်။ အနာဂါတ်တွင် ထာဝရနေအိမ်ရရှိမည် ဟူသော အာမခံချက်သည် ဘဝအခက်အခဲများ ရင်ဆိုင်ဖြတ်သန်းရာ၌ များစွာကြံ့ကြံ့ခိုင် နိုင်စေပါသည်။ စာရေးဆရာကြီး ရှိုတ်စပီးယား ပြောသည့်အတိုင်း “လူကို ကောင်းကင်ဘုံသို့ ရောက်ဘိသကဲ့သို့ ကျွန်တော်တို့သည်လည်း ကောင်းကင်ဘုံ အကြောင်းတွေးရင်း နေလျက်ပင် ကောင်းကင်ဘုံသို့ အမှန်ရောက်နေသည်ဟု ထင်မှတ်ရပေသည်။ ထိုကဲ့သို့သော အာမခံချက် ရှိခြင်းအတွက် ကျွန်ုပ်တို့သည် ထိုနောက်ဆုံးခရီးကို အာမခံချက် ရှိခြင်းအတွက် ကျွန်ုပ်တို့သည် ထိုနောက်ဆုံးခရီးကို လျှောက်လှမ်းရာ၌ ယုံကြည်သူတစ်ဦး ပြောသကဲ့သို့ “ကျောင်းစာသင်ခန်းမှ ကဆုန်ပေါက် ပြေးထွက်လာသော ကျောင်းသားတစ်ဦး၏ ပျော်ရွှင်လွတ်လပ်မှုကဲ့သို့” အားအင်တိုးပွား လျက်ရှိစေပါသည်။

*စာတည်း*

# ကောင်ကင်ဘုံကို လွမ်းဆွတ်လို့နေ

အဲဒီ တစ်ဖက်ကမ်းမှာ သိပ်လှပသာယာတာဘဲ။

*သောမတ်အယ်ဒီဆင်၏ နောက်ဆုံးစကား*

အမေရိကန် အာကာသ အစီအစဉ်အား စတင်တီထွင်ရာတွင် ကျော်ကြား လူသိများခဲ့သော အခန်းကဏ္ဍတွင် ပါဝင်ခဲ့သူ ဒေါက်တာ ဝဂ္ဂနာသွန်ဘရွန်းက သူသည် သေဆုံးပြီး နောက်နောင်ဘဝတစ်ခုရှိကြောင်း လိုအပ်သော သိပ္ပံနည်းလမ်းဆိုင်ရာ အချက်အလက်နှင့် အညီ ယုံကြည်ပါကြောင်း ပြောခဲ့ပါသည်။

အရာခပ်သိမ်းသည် ခြေရာလက်ရာ အစအနမကျန်ရှိဘဲ ပျောက်ကွယ်သွား၍ မရကြောင်း သိပ္ပံပညာက တွေ့ရှိထားပြီ ဖြစ်ပါသည်။ သဘာဝတရားက လုံးဝ ပျောက်ကွယ်သွားခြင်း မရှိကြောင်း ရုပ်သွင်သဏ္ဍာန် ပြောင်းလဲခြင်းသာ ရှိကြောင်းကို လက်ခံထားပါသည်။ အကယ်၍ ဘုရားသခင်က အခြေခံကျသောမူအား စကြာဝဠာအတွင်း အသေးမွှားဆုံးနှင့် အရေးမပါသော အစိတ်အပိုင်းများ ဆက်စပ် အသုံးချမည်ဆိုပါက သိပ္ပံပညာရပ်၏ လက်ခံထားသော အချက်နှင့်အညီ ယူဆခြင်းအတွက် အဓိပ္ပါယ် ရှိမည်သာ ဖြစ်ပေမည်။ ဘုရားသခင်သည် သူ၏ ပြောင်မြောက်သော လက်ရာဖြစ်သည့် ဖန်ဆင်းခြင်း၊ အထူးသဖြင့် လူသား၏ ဝိညာဉ်သည်လည်း အရာခပ်သိမ်းကဲ့သို့ပင် ပျောက်ကွယ်ခြင်း မရှိဘဲ အသွင်ကူးပြောင်းခြင်း သဘောကို လက်တွေ့ အသုံးချပါသည်။ ကျွန်ုပ်ကလည်း ထိုအတိုင်းဖြစ်သည်ဟု ထင်ပါသည်။

အကယ်၍ ဘုရားသခင်သည် -
လှပစွာ ဖန်ဆင်းထားခဲ့သော
ဤကမ္ဘာမြေကြီးသည်
အပြစ်နှင့် သေခြင်းပေါ်များနေပါက
ပရတိသုဘုံ ဖြစ်သော နိုင်းယှဉ်၍
မရနိုင်သော ထိုနေရာသည်ကား မည်မျှ
လှပသာယာနေပါမည်နည်း။

*ဂိုမ်းစ်မေါင်ဂိုမယ်ရီ*

ကောင်းကင်ဘုံဆိုသည်မှာ ထာဝရအသက်ရှိရာ ဘဏ္ဍာတိုက် တစ်ခုပင် ဖြစ်တော့သည်။

*ဝေလီယံရှိတ်စပီးယား*

ချစ်ခြင်းမေတ္တာသည် စစ်စခန်းကိုသော်လည်းကောင်း၊ နန်းတော်ကိုသော်လည်းကောင်း၊ သစ်ပင်အုံ့ဆိုင်းသော တောအုပ်ကို လည်းကောင်း၊ ပိုင်စိုးအုပ်ချုပ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ချစ်ခြင်းမေတ္တာသည် ကောင်းကင်ဘုံဖြစ်ပြီး ကောင်းကင်ဘုံသည်လည်း ချစ်ခြင်းမေတ္တာပင် ဖြစ်၏။

*လော့ဒ်ဘိုင်ရွန်*

သေရက်နီးကပ်လာသောအချိန်သည် ကာလ၌ ဂျွန်နယူတန်က
"ကျွန်ုပ်သည် သေခြင်းတရားရှိသော နိုင်ငံ၌ပင် ရှိနေပါသေးသည်။ မကြာမီ အချိန်မှာဘဲ ကျွန်ုပ်သည် ထာဝရ အသက်ရှင်သည့် နိုင်ငံသို့ ရောက်ရှိနေပေတော့မည်" ဟု ကြွေးကြော်ခဲ့ပါသည်။

အင်္ဂလိပ် သိပ္ပံပညာရှင် မိုက်ကယ်ဖယ်ရဒေး (၁၇၉၁ - ၁၈၆၇) သည် အောင်မြင်မှု အရှိဆုံးသော စမ်းသပ်လေ့လာသည့် ရူပဗေဒ

ပညာရှင်များအနက် တစ်ဦးအပါအဝင် ဖြစ်ကြောင်း သတ်မှတ်ခံရသည်။ တစ်ခါတွင် သေဆုံးပြီးနောက်ဘဝ တစ်ခုနှင့် ပတ်သက်၍ မိမိ၏ ထင်မြင်ချက်အား မေးမြန်းခြင်းအပေါ် သူက "ထင်မြင်ချက် ဟုတ်လား။ ကျွန်ုပ်အနေနဲ့တော့ ထင်မြင်ချက်ဆိုတာ ဘာမှန်းတောင်မှ မသိဘူး။ ကျွန်ုပ်သည် စိတ်ချယုံကြည်မှုများ အပေါ်၌သာ မှီခိုအားထားလျက် ရှိပါသည်။ ကျွန်ုပ်၏ ကယ်တင်ရှင်သည် အသက်ရှင် နေပါသည်။ သူအသက်ရှင်နေခြင်းကြောင့် ကျွန်ုပ်လည်း အသက်ရှင် နေမည်သာ ဖြစ်သည်" ဟု ပြန်လည် ဖြေကြားခဲ့ပါသည်။

## ကောင်းကင်ဘုံ

ငယ်စဉ်ကလေးဘဝက ကျွန်ုပ်တို့ ထင်မှတ်ခဲ့သော ကောင်းကင်ဘုံသည်ကား -
ရွှေလမ်းများဖြင့် ပုလဲတံခါးပေါက်များရှိသော
အလွန်တရာ ဝေးကွာလှသည့်နေရာ
အဝင်တံခါးဝများက ကျွန်ုပ်တို့ကို
အလွန်အလှမ်းကွာသော နေ့များအဖြစ်သာ လှစ်ဟတာပါ။

သို့သော် - အချိန်ရွေ့လျား နှစ်များကြာညောင်းလာကာ
ဘဝနိဂုံးကျရောက်လာပြီး ကြွေသုန်းချိန် နီးလာသော်
မျက်ရည် ပြည့်လျှမ်းသော မျက်လုံးများဖြင့် စိတ်နှလုံးမှာလည်း သောကဖုံးလွှမ်း ဗျာပါဒကြွယ်လာ
ထိုအခါ၌ ကျွန်ုပ်တို့သည် ကောင်းကင်ရွှေပြည် တံခါးဝကို မျှော်လင့်ကြည့်လှမ်း သောကကင်းဝေး ထိုတိမ်တိုက် အလွန်သို့
ခွဲခွာစွန့်သွား ချစ်ခင်သူများ ထိုနေရာ၌ လင်းပထိန်လင်း အရာခပ်သိမ်း ကောင်းခြင်းလွှမ်းသော ထိုနေရာ၌ ကျွန်ုပ်တို့အား
စောင့်မျှော်နေသည်ကို တွေ့မြင်လိုက်ရပေသည်။

ကောင်းကင်ဘုံဝယ် အရာအားလုံး၏ အထက်တွင် ကျွန်ုပ်တို့၏ ကိုယ်ပိုင်နေထိုင်ရာသို့ ခေါ်ဆောင်သွားမည့် ဘုရားသခင်၏
ရွှေမျက်နှာတော်ကို ဖူးမြင်ရပေမည်။
သိပ်ဝင်းလွန်းသော နေရာတော့ မဟုတ်ပါ။
အကြောင်းမှာ ကောင်းကင်ဘုံဆိုသည်မှာ "အိမ်" သာလျှင် ဖြစ်ပေသည်တကား !

*စူးအိပ်ချ်မက်ကလိန်း*

ကောင်းကင်ဘုံက ကုစား၍ မရနိုင်သော ဝမ်းနည်းကြေကွဲဘွယ် ဟူ၍ ဤလောကတွင် တစ်ခုမျှ မရှိပါ။

*သောမတ်စ်မော*

တစ်နာရီဆိုသော အချိန်ကာလသည် တစ်နေ့တာ၏ အစိတ်အပိုင်း တစ်ခုသာ ဖြစ်ကြောင်းကို စိတ်ချလက်ချ ယုံပြီး နေပါလေ။ ထိုနည်းအတိုင်းပင်- လောက၌ အသက်ရှင်နေခြင်းသည် ထာဝရအသက်၏ အစိတ်အပိုင်း တစ်ခုမျှသာ ဖြစ်ကြောင်း သတိရပါ။

*စီအယ်လ်အယ်လင်*

ဟုတ်ပါတယ်။ ကောင်းကင်ဘုံနှင့် ပါတ်သက်၍ ထင်မြင်ပြောဆို ကြခြင်းအတွက် ကျွန်ုပ်တို့ မများကြပါ။ ကောင်းကင်ဘုံနှင့် ပတ်သက်၍ ကျွန်ုပ်တတ်နိုင်သမျှ ရှာဖွေ လေ့လာနေပါသည်။ ကျွန်တော် ထိုအရပ်၌ အစဉ်အမြဲ နေထိုင်သွားဖို့ မျှော်လင့်နေပါတယ်။ ဤလောကတွင် အရပ်ဒေသတစ်ခုခု၌ ကျွန်ုပ်အခြေချ နေထိုင်တော့မည် ဆိုပါက ထိုနေထိုင်မည့် နေရာဒေသ၏ ရာသီဥတုနှင့် ပေါင်းသင်းဆက်ဆံ ကြရမည်။ အိမ်နီးနားခြင်းများ၏ အကြောင်းနှင့် အခြေအနေအားလုံးကို အမှန်သိရှိနိုင်ရန် မလွဲမသွေ စုံစမ်းမေးမြန်း ထားရပေမည်။ တစ်နေရာသို့ အပြီးအပိုင် ပြောင်းရွှေ့ နေထိုင်မည် ဆိုပါက ထိုကဲ့သို့ပင် သင်သိရှိနိုင်အောင် ဆောင်ရွက် နေပေလိမ့်မည်။

မှန်ပေသည်။ မကြာမီ အချိန်ကာလလေး အတွင်းမှာဘဲ ကျွန်ုပ်တို့ဟာ ရွှေပြောင်းသွား ကြတော့မှာပါ။ ကျွန်ုပ်တို့သည် ထာဝရ အသက်တာ ဘဝတစ်ခုဖြင့် အခြားကမ္ဘာကြီး တစ်ခု၌ သွားရောက် နေထိုင်ကြမှာပါ။ ထိုထာဝရနိုင်ငံကို မည်သူတွေ ရောက်နေပြီလဲ၊ သွားရာလမ်းနှင့် ရောက်ရှိရမည့် နည်းလမ်းများကို ကျွန်ုပ်တို့ နားစွင့်စုံစမ်း သိရှိနေရန် လိုအပ်သည်မှာ အမှန်ပင်ဖြစ်၏။

*ဒွိုက်အယ်လ်မူဒီ*

ကောင်းကင်ဘုံအကြောင်း ပြောဆိုနေကြခြင်း၊ ကောင်းကင်ဘုံနှင့် ပါတ်သက်၍ တွေးခေါ်ဆင်ခြင် သုံးသပ်ခြင်းနှင့် ကောင်းကင်ဘုံ အကြောင်းအရာများအား ဖတ်ရှုနေခြင်းများသည် အမှန်ကောင်းမွန် သင့် မြတ်လှပေသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ထိုနေရာသို့ သွားရောက်ပြီး ထာဝရအသက်ရှင် နေထိုင်ကြမည် ဖြစ်သောကြောင့်တည်း။ ကောင်းကင်ဘုံနှင့် အရေးပါလှသော ကျွန်ုပ်တို့၏ နေထိုင်မည့်

ကျွန်ုပ်တို့၏ ထာဝရ နေအိမ်ပင် ဖြစ်ပေသည်။ ထို့ကြောင့် ကောင်းကင်ဘုံသည် မည်သို့ဖြစ်လိမ့်မည်နည်းဟု သိရှိလိုခြင်းမှာ သဘာဝ ကျလှပေသည်။
*ဒေးဗစ်ဘရန့်ဘတ်စ် (ဒီဘီဘီ)*

ကောင်းကင်ဘုံ၏ ပျော်ရွှင်ချမ်းမြေ့မှုကို ကျွန်ုပ်တို့သည် ယခုပင် ခံစားရရှိနိုင်ပေသည်။ ကောင်းကင်ဘုံသို့ ရောက်မည့်နေ့ကို မျှော်မှန်းနေခြင်း၊ ထိုနေရာအကြောင်း စဉ်းစားနေခြင်း၊ ကောင်းကင်ဘုံအကြောင်း ဖတ်ရှုနေခြင်း နှင့် ကြိုတင် သိရှိလက်ခံနေခြင်းများဖြင့် ကျွန်ုပ်တို့ရောက်ရှိသွားမည့် အချိန်ထက်ပင် စောစီးစွာ ကောင်းကင်ဘုံ၏ သုခ ချမ်းသာထက်ဝက်ကို ယခု၌ပင် ခံစားရရှိနိုင်မည်။
*ဒီဘီဘီ*

ကောင်းကင်ဘုံအကြောင်း စဉ်းစားနေခြင်းဖြင့် ကျွန်ုပ်တို့သည် ကောင်းကင်ဘုံသားကဲ့သို့ စိတ်များပေါ်ပေါက်ကာ ကျွန်ုပ်တို့အတွက် အင်အားဖြည့်စည်းပြီး စိတ်နှလုံးခွန်အားလည်း တက်ကြွလန်းဆန်း စေပါသည်။ ၎င်းပြင် ကောင်းကင်ဘုံ ဆိုသည်မှာ အမှန်တစ်ကယ်ရှိပြီး ကျွန်ုပ်တို့ မလွဲမသွေ သွားရောက်နေထိုင်ရမည့် နေရာဖြစ်ကြောင်းကို သိရှိနားလည် စေပါသည်။
*ဒီဘီဘီ*

ကောင်းကင်ဘုံ ဆိုသည်မှာ သချိုင်းသုသာန် မရှိသော
မြို့တစ်မြို့ပင် ဖြစ်ပေသည်။
*စဉ်းစားကြည့်ပါ . . . . . . . . . . .*
ကမ်းပေါ်ခြေလှမ်းလိုက်သည်နှင့်
ကောင်းကင်ဘုံမှန်း မြင်သိလိုက်ရ၏။
လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်နှင့်
ဘုရားသခင်၏ ရွှေလက်တော်မှန်း သိလိုက်ရ၏။
လေသစ်လေကောင်းများရှူရှိုက်ရင်း
သန့်ရှင်းပြည့်ဝသောလေကောင်းကို ရရှိလိုက်၏။
ခံစားသိရှိမှုများကို အင်အားပြည့်ဝစေပြီး
သေခြင်းမရှိ ထာဝရ အသက်ရှင်ခြင်းကို တွေ့ရ၏။
လေပြင်းမုန်တိုင်းမှ မိုးသက်မုန်တိုင်းသို့ဖြတ်ကျော်ကာ
အနှောက်အယှက် ကင်းသော ငြိမ်သက်ခြင်းသို့ရောက်ရှိရာ၊
အိပ်ယာမှ နိုးသော် ကောင်းကင်ဘုံ
ဖြစ်နေကြောင်း သိရှိရလေသည်။

ကောင်းကင်ဘုံ ဆိုသည်မှာ ကျွန်ုပ်တို့ လွယ်ကူစွာ အံ့ဩ စိတ်လှုပ်ရှားကာ ပီတိဖြာပြီး လိုလားမျှော်လင့်ရာအရပ် ဖြစ်ပေသည်။ ကလေးသူငယ်များအတွက် ခရစ်စမတ်ပွဲတော် ဖြစ်သကဲ့သို့ပင် အကြီးကျယ်ဆုံး ပျော်ရွှင်ဘွယ် အကောင်းဆုံး ခရစ္စမတ်ပွဲ တစ်ခု ဖြစ်ပေမည်။
*ဒီဘီဘီ*

လောလောလတ်လတ် သင်၏ ပကတိမျက်စိနှင့် မြင်ရသကဲ့သို့ ကောင်းကင်ဘုံနှင့် ဝိညာဉ်ကမ္ဘာတို့သည် ပိုမိုစစ်မှန် ပိုမိုလှပပြီး ဤကမ္ဘာလောကထက် ကြာရှည်စွာ တည်တံ့နေပေမည်။
*ဒီဘီဘီ*

ကောင်းကင်ဘုံသည် လှပသာယာသော နေရာတစ်ခု ဖြစ်ပြီး ချစ်ခင်ဖွယ်ကောင်းသော သူများနှင့်ပြည့်ကာ သာယာပျော်ရွှင်
ဖွယ်ကောင်းသော အချိန်ကာလ တစ်ခုဖြစ်ပေသည်။
*ဒီဘီဘီ*

အပြစ်ဒုစရိုက်၊ မှုခင်း၊ ဥပဒေ ဖေါက်ဖျက်မှု၊ သွေးထက်သံယိုမှု၊ ရောဂါဘယဖြစ်ခြင်း၊ သေခြင်း၊ ဝမ်းနည်းခြင်းနှင့် စိတ်နှလုံး ကြေကွဲခြင်းများ မရှိသော တိုင်းပြည်ဟူ၍ အဘယ်အရပ်၌ ရှိပါသနည်း၊ ကောင်းကင်ဘုံ ဆိုသည်မှာ မည်သည့်တိုင်းနိုင်ငံတွင် မဆို ဖြစ်ပေါ်နေကြသော အရာများ ပပျောက် လစ်ဟင်းနေသော တိုင်းပြည်တစ်ခုပင် ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ နိုင်ငံတော်တွင် ခြားထားသည့် အကာအဆီး၊ နံရံနှင့် ကန့်လန့်ကာများ မရှိပေ။ ထိုအရပ်၌ လူမျိုးရေး ခွဲခြားမှု မရှိပါ။ စစ်မက်ကို တိုက်ခိုက်ခြင်းများ မရှိသောကြောင့် စစ်သားများလည်း မရှိပါ။ ဥပဒေဖေါက်ဖျက်မှု၊ ပြစ်မှုကျူးလွန်ခြင်းများ မရှိ၍ ရဲသားများ မရှိပါ။ သချိုင်းကုန်းများ မရှိ၍လည်း အသုဘအတွက် စီစဉ်ဆောင်ရွက်မည့် သူများမရှိပါ။ ကူးစက်တတ်သော ရောဂါပိုးမွှားများ အဖျားအနာများ၊ ပလိပ်ရောဂါဆိုးများ၊ ဝေဒနာများ မကြားရ မဖြစ်ပေါ်တတ်သောကြောင့် ဆရာဝန်များ သမားတော်ကြီးများလည်း မရှိကြပါ။ မှောင်မိုက်ခြင်း မရှိ၍ သူခိုးသူဝှက်များလည်း မရှိပါ။ ဤကဲ့သို့သော တိုင်းနိုင်ငံမျိုး၌ နေထိုင်ရန် မည်သူ မတမ်းတဘဲ ရှိနိုင်မည်နည်း။ အကြောင်းမူကား အိမ်ထောင်ရေး ကွဲပြား ပြတ်ဆဲခြင်းများ မိတကွဲ ဖတကွဲဖြင့် ကြုံရသည့် သားသမီးများ၊

အရက်မူးသမားများ၊ ထောင်များ၊ ဆေးရုံများ၊ သူတောင်းစားများ၊ မျက်မမြင် နားမကြားသူ၊ ဆွံ့အသူနှင့် ဒုက္ခဆင်းရဲ အတိကျရောက်သူဟူ၍ မရှိသော ပိုမို ကောင်းမွန်ပြီး နေထိုင်ရန် ဆန္ဒရှိသော တိုင်းနိုင်ငံတစ်ခု ဖြစ်ခြင်းကြောင့်ပေတည်း။ အလွန်ကောင်းမွန် ဆန်းကျယ်တဲ့ နိုင်ငံပါလား၊ ကောင်းကင်ဘုံကို သင်မတမ်းတ ပေဘူးလား။

*အိပ်ချ်၊လော့ကာ*

လက်ရှိအခြေအနေထက် သာလွန်ကောင်းမွန်သည်က လွဲ၍ ကောင်းကင်ဘုံသည် လောကဤဘဝ အသက်တာ အတိုင်းပင် ရှိနေမည်။ ဤကမ္ဘာမြေကြီးပေါ်တွင် အသက်ရှိနေသကဲ့သို့ပင် ဝမ်းမြောက်ဘွယ်ရာ၊ သာယာလှပမှုနှင့် ကြည်နူးပျော်ရွှင်မှုများ အားလုံးရှိနေပေသည်။ သို့သော် မကောင်းမှု အနိဋ္ဌာရုံများ တစ်ခုမျှ မရှိဘဲ ပိုင်ဆိုင်ရယူခြင်း သာရှိပြီး ပေးဆပ်ရန် အကြောင်းတစ်ခုမျှ မရှိသော ဘဝမျိုး ကောင်းကင်ဘုံ၌ ကြုံတွေ့ရပေမည်။

*ဒီဘီဘီ*

သင်လိုချင်တာ တစ်ခုမကျန် ကောင်းကင်ဘုံ၌ ရရှိလိမ့်မည်။ ကောင်းကင်ဘုံ ဆိုသည်မှာ သင်၏ လိုအင်ဆန္ဒ ပြည့်ဝစေသော အရပ်ပင် ဖြစ်၏။ သို့သော် ကောင်းမွန်သော လိုအပ်ချက် အရာများ ဖြစ်ရပေမည်။ သင်၏ လိုအပ်ချက်အား ယခုပင် မှာကြားပါလေ။

*ဒီဘီဘီ*

ကောင်းကင်ဘုံကို တမ်းတမျှော်လင့်လေလေ ဤလောကကို ပို၍ မနှစ်မြို့လေ ဖြစ်ပါသည်။

*ဒီဘီဘီ*

ကောင်းကင်ဘုံ အကြောင်း အမှန်တစ်ကယ် သိနားလည်မည် ဆိုပါက ဤလောကတွင် အသက်ရှင်နေရခြင်းအတွက် မပျော်ပိုက်ဆုံး၊ မကျေနပ်ဆုံး ဖြစ်နေပေလိမ့်မည်။ ဤဘဝတွင် ကျွန်ုပ် မစွမ်းဆောင်နိုင်သော အရာများအတွက် နာကျည်းကာ တော်လှန်ပစ်ပေလိမ့်မည်။ ကောင်းကင်ဘုံကို သိရှိတွေ့မြင်ပါက ဤလောက၏ ဝန်ထုတ်များကို ထမ်းရွက်နိုင်စွမ်း ရှိတော့မည် မဟုတ်ပေ။ ထိုအရပ်သို့ ရောက်ရှိသွားပါက ကျွန်ုပ်တို့သည် ထိုအရပ်မှ စွန့်ခွာဖို့ မဖြစ်နိုင်တော့ပါ။ ကောင်းကင်ဘုံသည် ထာဝရအတွက် ဖြစ်သည်။

*စီအယ်(လ်)အေ*

## *ကောင်းကင်ဘုံဝယ် ဝမ်းနည်းစိတ်ပျက်ဖွယ် နတ္ထိ*

ကောင်းကင်ဘုံ၌ စိတ်ပျက်ဝမ်းနည်းဘွယ်ရာ မရှိ။
နွမ်းလျပင်ပန်းခြင်း၊ ကြေကွဲ ပူဆွေးခြင်း နှင့်
နာကျင်ဘွယ်ရာ လုံးဝမရှိ ။
ပူဆွေးကြေကွဲ၊ နာကျဉ်းမုန်းတီးစိတ်များလည်း မရှိ။
ငြီးငွေ့ဘွယ် အရေးမပါလှသည့် အကြောင်းခြင်းရာများလည်း
ထပ်ခါတလည်း ကြားရန်မရှိ။

ဤလောကမှ မှောင်မိုက် တိမ်တိုက်များသည်လည်း
ထိုအရပ် မိုးကုတ်စက်ဝိုင်း၌ ပေါ်နေမည့်မဟုတ်။
အကြောင်းမူကား -
ရှုံ့က်ငင်ငိုကြွေး၊ သက်ပြင်းသံများ တခါမျှ မရှိပေ။အားလုံးသည် . . .
သာယာကြည်နူး၊ ပျော်ရွှင် မြူးစရာများသာ ဖြစ်သည်။

မိမိနေအိမ်များအတွက် မည်သည့်အခါမျှ
အိမ်ငှားခများ ပေးချေရန်မရှိ။
အခွန်အကောက်များလည်း ပေးရန်မရှိ။
ကျွန်ုပ်တို့ ဝတ်ဆင်သည့် အဝတ်အထည်များ
ရော်ဟောင်း ဆွေးမြေ့ခြင်းသို့ မရောက်၊
အစဉ်သစ်လွင် တောက်ပြောင်နေမည်သာ ဖြစ်သည်။
မည်သည့်အခါမျှ ငတ်မွတ် ဆာလောင်ခြင်း ကျွန်ုပ်တို့ မရှိ။

ဆင်းရဲခြင်းတွင်းမှ ချို့တဲ့စရာလည်း အလျဉ်းမရှိ။
အကြောင်းမူ ကောင်းကင်ဘုံ၏ ကြွယ်ဝများပြားခြင်းများသည် - ဘုရားသခင်၏ နိုင်ငံတော်သို့ သွားကြမည့်
ဘုရား၊ သားသမီးများ ဝေငှသုံးဆောင် ကြလိမ့်မည်တည်း။

*အက်ဖ်၊ အမ်လေးမင်း*

ကောင်းကင်ဘုံသည် ထာဝရ နေထိုင်ရာအိမ်ပင် .... ကျွန်ုပ်တို့၏ အထုတ်အပိုးများဖြေကာ အစဉ်အမြဲ နေထိုင်သော နေရာဖြစ်ပေသည်။ ကောင်းကင်တွင် အိပ်ယာမှ နိုးထပြီး မိမိအိမ်ဖြစ်နေမှန်း သိလိုက်ရသည့် စိတ်ကူးမျိုးမှာ အလွန်ပင် ဝမ်းမြောက် အားတက်ဖွယ်ရာ ဖြစ်ပါတော့သည်။

*စီအယ်လ်အေ*

# ဤဘဝပြီး နောက်တစ်ဘဝ

သေခြင်းဆိုသည်မှာ အလင်းရောင်မီးကို ငြိမ်းသတ်လိုက်ခြင်း မဟုတ်ဘဲ၊ အာရုံရောက်လာပြီ ဖြစ်၍ မီးအိမ်ရှိ မီးစာအား လျှော့ချလိုက်ခြင်းသာ ဖြစ်မည်။

*ရာဘင်ဒရာ နတ်တဂိုး*

အသက်ဇီဝိန်ချုပ်ငြိမ်း စွန့်လွှတ်ခြင်းသည် အခန်းတစ်ခန်းမှ တစ်ခန်းသို့ ကူးသွားပြီး တံခါးမအား ပိတ်လိုက်သည်နှင့် တူလှပေသည်။

*ဒီဘီဘီ*

ကျွန်ုပ်တို့ထံ သေမင်းရောက်ရှိ လာသောအခါ (အမှန်ပါပေ-လူသားတိုင်းဆီသို့ သေမင်းသည် အနှေးနှင့် အမြန် ရောက်ရှိလာ ပေလိမ့်မည်)

သေမင်းသည် မိတ်ဆွေတစ်ဦးကဲ့သို့ ရောက်ရှိလာပြီး ထာဝရနေအိမ်ဖြစ်သော ကောင်းကင်ဘုံသို့ ကျွန်ုပ်တို့အား ချစ်ခင်စွာ ပို့ဆောင်မည်ဟု စိတ်ချနိုင်သော အခြေအနေမျိုးရှိကြောင်း ယုံကြည်ကြပါစို့လား။

*စီအယ်လ်အေ*

သေခြင်းဆိုသည်မှာ ထောင်ထဲမှနေ၍ နန်းတော်သို့ သွားရာ ခရီးလမ်းကူး တစ်ခုသာ ဖြစ်ပေသည်။

အသက်ရှင် နေထိုင်ခြင်းသည် သေခြင်းသာဖြစ်ပြီး သေသွားခြင်းသည် အသက်ရှင်ခြင်းဖြစ်၏။ သင်္ချိုင်းဂူ၏ ဤတစ်ဖက်တွင် ကျွန်ုပ်တို့သည် ပြည်နှင်ဒဏ်ခံရ၍ ပြေးလွှားသွားလာ နေသောသူများဖြစ်ကာ သင်္ချိုင်း၏ ထိုတစ်ဖက်တွင်မူ နိုင်ငံသားများ ဖြစ်ပေသည်။ ဤလောကတွင် အသက်ရှင်ရာတွင် ကျွန်ုပ်တို့သည် မိဘမဲ့များနှင့် တူနေပြီး ကောင်းကင်ဘုံတွင်ကား မိစုံဘစုံ သားသမီးများနှင့် တူပေသည်။ လူ့ဘဝတွင် ကျွန်ုပ်တို့သည် အကျဉ်းသမားများကဲ့သို့ ရှိပြီး ထိုဖက်ကမ်း ကောင်းကင် နိုင်ငံတွင်ကား လွတ်လပ်သော သူများပင် ဖြစ်သည်။

ဤကမ္ဘာလောကတွင် ကျွန်ုပ်တို့သည် ဟန်ဆောင်မှု၊ မသိကျိုးကျွံမှု များဖြင့် ကြုံတွေ့ရစေကာမူ ကောင်းကင်ဘုံ၌ကား ဘုရားသခင်၏သားများ အဖြစ် ဖေါ်ထုတ်ကြေညာခြင်းကို ခံရပေမည်။

*ဟင်နရီဖါဒ်ဒ်ဘီးချာ*

အသက်တာဘဝဟု ကျွန်ုပ်တို့ ခေါ်သောအရာကား သေခြင်းသို့ သွားသည့် ခရီးစဉ်ပင် ဖြစ်သည်။ သေခြင်းဟု ခေါ်သောအရာကား အသက်ရှင်ခြင်း၏ တံခါးဝပင် ဖြစ်သည်။

ကျွန်ုပ်သည် သေခြင်းအား ပင်ပန်းဒုက္ခလွှမ်းသော အိပ်ခြင်းဟူသော လူ့ဘဝမှ ပျော်ရွှင်ဝမ်းမြောက်စွာ နိုးထလာခြင်း ဖြစ်သည်ကို ထင်မှတ်ပါသည်။ ထိုသို့ အိပ်ရာမှ နိုးထလာခြင်း ဖြစ်သည်ကို ထင်မှတ်ပါသည်။ ထိုသို့ အိပ်ရာမှ နိုးထလာခြင်းသည် လှပသော်လည်း အချုပ်အနှောင်ရှိသော ဤကမ္ဘာလောကမှ လွတ်မြောက်သွားခြင်းနှင့် တူပေသည်။

*လိုင်မင်အက်ဘော့*

သေသည် ဆိုခြင်းမှာ အခြားအိမ် တစ်အိမ်သို့ သွားရောက် နေထိုင်ခြင်း ပင်ဖြစ်၏။

*စီအယ်လ်အေ*

ကျွန်ုပ်သည် ပင်လယ်ကမ်းခြေ၌ မတ်တပ်ရပ်ရပ် ကြည့်နေပါသည်။ သင်္ဘောတစ်စီးသည် ရွက်ဖြူများလွင့်ကာ နံနက်ခင်းလေပြေနှင့်အတူ သမုဒ္ဒရာဖက်သို့ ဦးတည်ထွက်ခွာ သွားပါသည်။ ကျွန်ုပ်သည် ထိုသင်္ဘော မိုးကုတ်စက်ဝိုင်းအတွင်း ကွယ်ပျောက်သည်အထိ ကြည့်ရာ - အနီးအနားမှ လူတစ်ယောက်က "သူပျောက်သွားပြီ " ဟု ပြောသံကို ကြားလိုက်ရ၏။ အဲဒီ သင်္ဘော ဘယ်ရောက် ဘယ်ပျောက်သွားတာလဲ ဟု မိမိကိုယ်မိမိ မေးခွန်း ထုတ်လိုက်ပါသည်။ မျက်စိအမြင်မှ ပျောက်ကွယ်ခြင်း မဟုတ်ပါ။ အဲဒီအချိန် ကလေးမှာဘဲ လူတစ်ယောက်က "သူပျောက်သွားပြီ " ဟု ဆိုနေချိန်မှာ ထိုသင်္ဘောသည် အခြားတစ်နေရာ၌ ပေါ်ထွက်လာသည်ကို လူတွေဝိုင်း ကြည့်နေကြ၏။ အခြားသော အသံများမှ ရွှင်ပြဖွယ် အော်ဟစ်ထွက်ပေါ် လာသောအသံသည်ကား "ဟော - သူလာပြီ " ဟူ၍ ဖြစ်သည်။ ထိုမြင်ကွင်းသည်ကား သေခြင်းပင် ဖြစ်သည်။

*ဟင်နရီစကော့ဟော်လန်*

ဤကမ္ဘာ လောကကြီးသည် အိမ်တစ်လုံး၏ ဆင်ဝင်နှင့် နှိုင်းအပ်ပေသည်။ နန်းတော်၏ အောက်သို့ ရောက်ရှိလာမည့် ကမ္ဘာပင်တည်း။

*တာလ်မတ်*

ရောဘတ်ဘရောင်းနင်း၏ ဖခင်သည် အိပ်ယာထက်တွင် သေဆုံးခါနီးချိန်တွင် အသက်ရှုစ်ဆယ်ကျော်လေပြီ။ သူ၏ ပျော်ရွှင်လန်းဆန်းမှုကို သူ့အား ကုသနေသော ဆရာဝန် တွေ့မြင်သောအခါ အံ့ဩမိပြီး ရောဘတ်ဘရောင်းနင်း၏ သမီးအား အသံအုပ်အုပ်ကလေးဖြင့် "အဘိုးကြီး သူသေမှာကို သိရဲ့လား" ဟု မေးလိုက်ရာတွင် ဖခင်ကြီးက ကြားလိုက်သဖြင့် ပြုံးကာ - " သေခြင်းကို ရန်သူတစ်ယောက်အဖြစ် ကျွန်ုပ် မမြင်ပါ " ဟု ပြောဆိုလိုက်ပါသည်။

ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်းတွေပါ<br>
သူမသေပါ - သူအိပ်မနေပါ<br>
ဘဝအိမ်မက်များမှ<br>
သူနိုးထခဲ့လေပြီ။

*ပါစီဘီရှီရှယ်လီ က သူငယ်ချင်းဂျွန်ကိတ်စ်*<br>
*သေဆုံးခြင်းနှင့် ပတ်သက်၍ ရေးသားခြင်း။*

❧

တမန်တော်ကြီး ရှင်ပေါလုက "မျက်မှောက်၌ ထင်ရှားသော အရာတို့သည် ခဏသာ တည်၍ မထင်ရှားသော အရာတို့သည်ကား အစဉ် တည်မြဲတည်ကြောင်း ရေးသားခဲ့၏။ ( ၂ကော။ ၄း၁၈) ပြင်ခန္ဓာရုပ်သည် သေဆုံး ပျောက်ကွယ်သွားသော်လည်း ဝိညာဉ်မူကား ထာဝရ တည်ရှိနေပေသည်။

*ဒီဘီဘီ*

❧

ဘဝ၊ ဘဝ၊ ဒို့တတွေ နေထိုင်လာသည့် ဒီဘဝ
ချိန်ကြာမြင့်စွာ - သုခ ဒုက္ခ တူတကွ
ခံစားပျော်ရွှင် ရံခါလည်းဘဲ သောကငင်
ချစ်ခင်ပေါင်းသင်း မြတ်နိုးတွယ်တာလာတော့
ကွေကွင်း ခွဲခွာရန် ဝန်လေး ခက်ခဲ ရစ်မြပင်
သဲလှိုက်ရှိုက်သံ မျက်ရည်ဖြန်းပေါ့
ပေါင်းသင်းရာမှ စွန့်ခွာရင်ပေါ့
ထိုချိန်ခါဝယ် တိတ်ဆိတ်ငြင်သာ၊ သတိလေးတော့
ပေးပြီးပါက ကိုယ်ကြိုက်ချိန်ခါ ရွေးပြီး
သွားသာ သွားပါပေတော့
ဒါပေမယ့် အပြီးအပိုင်နှုတ်မဆက်ဘဲ'
သာယာလှပ ပိုမိုထည်ဝါ ထိုချိန်ခါ၌
ငါ့ကို ဆီးကြို လက်လှမ်းပါလေဦး

*အယ်နာဘာဘောလ်*

❧

သင့်ခန္ဓာကိုယ်သည် စစ်မှန်သော သင်မဟုတ်ပါ။ သင်နေထိုင်ရာ ရုပ်သွင်သဏ္ဍာန် တစ်ခုသာ ဖြစ်သည်။ စစ်မှန်သော သင်ကား ထာဝရ အသက်ရှင်နေမည့် သင်၏ ဝိညာဉ်သာလျှင် ဖြစ်ပေသည်။

*ဒီဘီဘီ*

❧

( သေမင်း ခေါ်သောနေ့တွင် ) ထိုကာလ၌ မြေမှုန့်သည် နေရင်းမြေသို့ လည်းကောင်း၊ ဝိညာဉ်သည် အရင်ပေးတော်မူသော ဘုရားသခင်ထံသို့ လည်းကောင်း ပြန်သွားရလိမ့်မည်။

*ဒေသနာကျမ်း ၁၂း၇*

❧

သင်သည် မြေမှုန့်မှလာ၍ မြေမှုန့်သို့ ပြန်လော့ဟု ဆိုရာတွင် ဝိညာဉ်နှင့် အကြုံးဝင် ပါတ်သက်ခြင်း လုံးဝမရှိပါ။

*အိပ်ချ်ဒဗလျူလောင်းဖဲလိုး*

❧

တခါက ကာတွန်းဆရာ အာသာဘရစ်ဘိန်းသည် ခူကောင်တစ်အုပ် ပူဆွေးလျက် ခူခွံတစ်ခုကို သင်္ဂြိုလ်ရန် သယ်ဆောင်သွားသည့် အဖြစ်ကို တွေ့မြင်လိုက်သည်။ စိတ်ပျက်ဝမ်းနည်းမှု ဖုံးလွှမ်းနေကြသော ခူကောင်များသည် အနက်ရောင်များ ဝတ်ဆင်လွှမ်းခြုံကာ ငိုကြွေးနေကြသည်ကို မြင်ရသည်မှာ သနားစဖွယ်ပင် ကောင်းတော့သည်။ ထိုအခိုက် ခူခွံအိမ်မှ လွတ်မြောက်လာသော လှပလှသည့် လိပ်ပြာကလေးများမှာ မိမိတို့အတောင်များကို ခါခတ်လျက် ပျော်ရွှင်စွာဖြင့် စိတ်ပျက်ရွံရှာဖွယ်ကောင်းသော လောကကြီးအထက်၌ ပျံသန်းနေလေသည်။ ၎င်းသည် လောက၏ ချုပ်နှောင်မှုအခွံမှ ထာဝရလွတ်မြောက် နေပေသည်။

ဘရစ်ဘိန်းသည် သာမန်အသုဘ တစ်ခုကို စဉ်းစားနေသည်ကို ပြောပြရန် မလိုတော့ပါ။ သူသည် ကျွန်ုပ်တို့ ချစ်ခင်သူများ သေဆုံးသွားသောအခါ ကြွင်းကျန်သော (ခူအိမ်ကိုသာ သတိရပြီး) ရုပ်အလောင်းကိုသာ အာရုံပြုပြီး လှပတောက်ပြောင်လှသည့် လိပ်ပြာကောင်ကို မေ့နေခြင်းသည် လူ၏ မိုက်မှားခြင်းသာလျှင် ဖြစ်ကြောင်းကို အသိပေး ပြောကြားခြင်းပင် ဖြစ်သည်။

ငါ့ကိုမူကား ဘုရားသခင် သိမ်းယူတော်မူသောကြောင့် ငါ၏ဝိညာဉ်ကို မရဏာနိုင်ငံ၏ တန်ခိုးမှ ရွေးနှုတ်တော်မူ၏။

*ဆာလံ။ ၄၉း၁၅*

❧

စစ်သားရဲဘက်တစ်ဦးက “ ကျွန်ုပ် သေဆုံးသွားသောအခါ ကျွန်ုပ်၏ သင်္ချိုင်းဂူပေါ်တွင် တီးခေါက်သံများ မရှိစေဘဲ နံနက်ခင်း နိုးထရန် ဆင့်ခေါ်သည့် ခရာသံကိုသာ မှုတ်ပါ ” ဟု ပြောခဲ့၏။

ဏ

*ဘင်ဂျမင်ဖရန်ကလင်၏ ကျောက်ပြားစာ*

ဤခန္ဓာကိုယ်သည် စာအုပ်ပုံနှိပ်သူ ဘင်ဂျမင်ဖရန်ကလင်၏ ရုပ်အလောင်းပင် ဖြစ်သည်။ စာအုပ်ဟောင်း တစ်အုပ်၏ အဖုံးကဲ့သို့ပင် ၎င်း၏ မာတိကာများမှာ စာလုံးများ၊ အကွပ်များမှ စုတ်ပြဲလျက် ရှိနေပြီး . . . သို့သော် အရေးအသား လက်ရာအနေဖြင့်ကား ပျောက်ပျက်ခြင်း မရှိပါ၊ အဘယ့်ကြောင့်ဆိုသော် မိမိယုံကြည်သည့်အတိုင်း သစ်လွင်ပြီး ပို၍ သစ်လွင်တောက်ပသော ထုတ်ဝေဖြန့်ချီသည့်အခါ တဖန်ပြန်လည် တွေ့မြင်ရမည်သာ။ ထိုအခါမှ စာရေးသူသည် ဘုရားသခင်က ပြုပြင်ဖြည့်စွက်ထားခြင်းကို တွေ့မြင်ရပါမည်။

ဏ

သေခြင်းဆိုသည်မှာ စိုးရွံ့စရာ မဟုတ်ဘဲ မျှော်လင့်ကြိုဆို ထားသင့်ပေသည်။ သို့သော် ကျွန်ုပ်တို့သည် သေခြင်းကို အလျှင်စလို မဖိတ်ခေါ်သင့်ပေ။ အဘယ့်ကြောင့်ဆိုသော် အဆိုးဝါးဆုံး ဆုံးရှုံးမှုနှင့် အညံ့ခံ အရှုံးပေးခြင်းသည်ကား မိမိကိုယ်မိမိ သတ်သေ အဆုံးစီရင်သော အရာပင်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင် ခေါ်တော်မူသည့် အချိန် ကျရောက်သည့် အချိန်တိုင်အောင် စိတ်ရှည်သီးခံပြီး စောင့်ဆိုင်းမည်ဆိုပါက ကိုယ်တော်ရှင် ခေါ်တော်မူသော နေ့အချိန် အခါသည် ကျွန်ုပ်တို့ ကျေးဇူးအထူး တင်ကြမည့်သူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံရှိ ကျွန်ုပ်တို့၏ နေအိမ်သို့ ရောက်ရှိသွားကာ အမှန်ပင် ထိုက်တန်လှသည်ကို တွေ့ရှိရပေလိမ့်မည်။

*ဒီဘီဘီ*

ဏ

နောက်ဆုံးသော ရန်သူတည်းဟူသော သေမင်းသည် ဆုံးရှုံးခြင်းသို့ ရောက်ရလတ္တံ့။

*၁ကော ၁၅း၂၆*

ဏ

သေခြင်းဆိုသည်မှာ ဤဘဝတွင် အတန်း(အဆင့်) တစ်ခုကို အောင်မြင်ပြီးဆုံးသွားခြင်းသာ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ လွတ်မြောက်ရာ၊ ကျွန်ုပ်တို့၏ အောင်မြင်ပြီးဆုံးမှုနှင့် ကျွန်ုပ်တို့၏ တိုးတက်ခြင်းပင် ဖြစ်ပါသည်။ ကျောင်းပြီးဆုံးလေပြီ။ ဤအတန်း၌ ကျောင်းတက်ခြင်းမှ ပြီးဆုံးပြီး အခြားတစ်တန်းသို့ တက်သွားလေပြီ။

*ဒီဘီဘီ*

ဏ

ဤလောက၌ ကျွန်ုပ်တို့ အသက်ရှင်စရာအကြောင်း များစွာရှိပေသည်။ နောင်တစ်ဘဝတွင်ကား ယခုထက်ပင် အသက်ရှင်စရာ အကြောင်းများ ရှိနေပေသည်။ သေခြင်းသည် လူတစ်ဦးအား အသက်ရှင်နေခြင်းမှ လှည့်ဖျားခေါ်ထုတ်လိုက်ခြင်း မဟုတ်ပေ။ အသက်ရှင်ခြင်းကို ပိုမို ဖွံ့ဖြိုးစေရန် အားဖြည့်ပေးလိုက်ခြင်းသာ ဖြစ်သည်။

*စီအယ်လ်အေ*

ဏ

ကျွန်ုပ်အား အိမ်တော်သို့ ပြန်သွားရန် ခရစ်တော်ခေါ်သောအခါ ကျွန်ုပ်တို့သည် စာသင်ကျောင်းမှ ခုံပေါက်ပြေးထွက်သွားသော ကျောင်းသားကလေး တစ်ယောက်ကဲ့သို့သော ပျော်ရွှင်မှုဖြင့် ခရစ်တော်နှင့် အတူ လိုက်သွားပါမည်။

*အဒိုနီရင်ဂျပ်ဆင်၊မြန်မာ*
*နိုင်ငံသို့ ပထမဆုံးရောက်ရှိလာသောသာသနာပြု*

ဏ

ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏။ ငါ့ကို ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သူ ရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။

*ယေရှု၊ ယောဟန် ၁၁း၂၅-၂၆*

ဏ

တစ်ခါက ဇဝ်ဂေလိဆရာမူဒီသည် သူ၏ တက်ကြွရွှင်ပြသော အနေအတိုင်း “တစ်နေ့ ခင်ဗျားတို့ သီတင်းစာတွေထဲမှာ ဒီအယ်လ်မူဒီ

အရှေ့နော်ဖီးလ်သည် အနိစ္စရောက်သွားပြီလို့ ဖတ်ရကြလိမ့်မယ်။ ဒီစကားကို မယုံကြပါနဲ့။ အဲဒီသေတယ်လို့ ပြောတဲ့အချိန်မှာ ကျွန်တော်ဟာ ယခုထက်ပင်ပို၍ ရှင်သန်လျှက်ရှိနေပါမယ်။ ကျွန်တော်က ပို၍မြင့်တဲ့ နေရာကို ရောက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်က ရွှံ့နဲ့လုပ်ထားတဲ့ ဤနေအိမ်မှ ထာဝရအသက်ရှင်ရာအိမ်သို့ ရောက်ရှိသွားပြီး သေခြင်းက မထိရဲသော ခန္ဓာကိုယ်ဖြင့် ထာဝရအသက်ရှင်သွားမှာ ဖြစ်ပါတယ် ” ဟု ဆိုထားသည်။

ငါသည် အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင် ကြလိမ့်မည်။

*ယေရှု၊ ယောဟန် ၁၄း၁၉*

အရှင်ဘုရား - ဤလောက၌ ကျွန်ုပ်လုပ်ကိုင်ရန်များ ကုန်ဆုံးပြီဟု မြင်သိပါက -ကိစ္စများမြောင် ဤလူ့ဘောင်တွင်
အင်အားချိနဲ့ နွမ်းလျမောပန်းစွာဖြင့်
အချိန်များဆွဲ၍ နေရခွင့်ကို မပေးပါနှင့်။
သခင်ဘုရား - ကိုယ်တော်ရှင်၏ အမိန့်တစ်ချက်ဖြင့်
အိမ်တော်သို့ ပြန်ရန် မိန့်ခေါ်ပါက
အကျွန်ုပ် ပျော်ရွှင်ဝမ်းမြောက်စွာဖြင့်
ကျွန်ုပ် အမှန် လာပါမည်။
အမှန်တစ်ကယ် ပျော်ရွှင်ဝမ်းမြောက်
ကျွန်ုပ် အမှန်လာပါမည်။

*ဂျွန်အော့စင်းဟမ်း*

ဘုရားသခင်ကို မမြင်ရမချင်း ကျွန်ုပ် အသက်မရှင်သေးပါ။ ဘုရားသခင်ကို မြင်ရပြီးမှလည်း ကျွန်ုပ်မသေတော့ပါ။

*ဂျွန်ဒွန်း*

ယာယီတဲဖြစ်သော ငါတို့ မြေအိမ်သည် ပျက်လျှင် ကောင်းကင်ဘုံ၌ လူ့လက်ဖြင့် မလုပ်ဘဲ ဘုရားသခင် ဖန်ဆင်းတော်မူသော နိစ္စထာဝရ အိမ်ရှိကြောင်းကို ငါတို့ သိမြင်ကြ၏။

*၂ကော။ ၅း၁*

ဘုရားသခင်သည် သေနေသော သူတို့၏ ဘုရားမဟုတ်၊ အသက်ရှင်နေသော သူတို့၏ ဘုရားဖြစ်တော်မူသည်။

*ယေရှု မဿဲ ။ ၂၂း၃၂*

ယေရှုက “ကောင်းကင်နိုင်ငံတော်သည် လယ်၌စိုက်သော မုန်ညင်းစေ့နှင့် တူသည် ” ဟု မိန့်တော်မူ၏။ (မဿဲ ၁၃း၃၁) အစေ့သည် ရှင်သန်ကြီးထွားခြင်း၏ အစဖြစ်သကဲ့သို့ ဤလောက အသက်တာသည်လည်း အစမျှသာ ဖြစ်ပေ၏။ အဆုံးနိဂုံး မဟုတ်သေးပါ။ ကျွန်ုပ်တို့ ခန္ဓာများမှာ ကျွန်ုပ်တို့၏ ဝိညာဉ်များ ကျွတ်လွတ်သည်နှင့် ကျွန်ုပ်တို့ ဆက်လက် အသက်ရှင်သွားပေသည်။

*စီအယ်လ်အေ*

ယေရှုက - သင်သည် နေစရာအရပ်ကို ပြင်ဆင်ခြင်းငှာ ငါသွားရ၏
ဟု မိန့်တော်မူ၏ (ယောဟန် ၁၄း၂) ကျွန်ုပ်တို့သည် နောက်တစ်ဘဝသို့ သူစိမ်းများကဲ့သို့ ရောက်ရှိရမည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ထိုဘဝသို့ ရောက်ရှိလာမည်ကို ကျွန်ုပ်တို့အတွက် ကြိုတင်ပြင်ဆင် ထားရှိပြီး ကျွန်ုပ်တို့အား လိုလိုလားလား စောင့်မျှော်နေကြပေသည်။

*စီအယ်လ်အေ*

# နွေးထွေးလုံခြုံ နေစေရန် ခိုကိုးဆည်းကပ်ပါ။

လူသည် သေဆုံးသွားသောအခါ ဝိညာဉ်သည် ခန္ဓာကိုယ်၏ နာခြင်း၊ နွမ်းလျခြင်း၊ ဖျားနာခြင်းများနှင့် မစွမ်းဆောင်နိုင်ခြင်းများမှ ကင်းလွတ်သွားကာ အထွတ်မြတ်ဆုံးအသက်ကို စတင်ရာ အချိန်ပင် ဖြစ်ပါသည်။ မြင့်မြတ်စွာ အသက်ရှင်ခြင်းအတွက် သေခြင်းက အစပျိုးခြင်း ဖြစ်ပါသည်။

*စီအယ်လ်အေ*

သေခြင်းဆိုသည်မှာ ကျွန်ုပ်တို့ ရှိရှိသမျှ သောကများ၏ အသုဘပင် ဖြစ်ပေသည်။

*ဒီဘီဘီ*

သေခြင်းဆိုသည်မှာ အကောင်းဆုံးသော ကုသခြင်း တစ်ခုသာ ဖြစ်ပါသည်။ ထို့ကြောင့် သေရမည်ကို မစိုးရိမ်ပါနှင့်။ ကျွန်ုပ်တို့ သေဆုံးသော အချိန်သည် ကျွန်ုပ်တို့အတွက် ရောဂါဝေဒနာ နောက်ဆုံးနှင့် ထာဝရ အသက် ပျောက်ကင်းခြင်းပေတည်း။ အိုမင်းရင့်ရော်နေသော ကျွန်ုပ်တို့၏ခန္ဓာမှ ကျွန်ုပ်တို့ လွတ်မြောက်ကြလေပြီ။ အဲဒီနောက်မှာတော့ ရောဂါဝေဒနာများ ဒုက္ခဆင်းရဲခြင်းများ မရှိတော့ပါ။ ကျွန်ုပ်တို့သည်လည်း ဝိညာဉ်ခန္ဓာဖြင့် အသစ်သော ပုံစံတွင် ရှိနေမည်ဖြစ်၍ မည်သူ့ကိုမျှ ဒုက္ခ အနှောက်အယှက် ပေးတော့မည် မဟုတ်ပါ။

*ဒီဘီဘီ*

အရေးအကြောင်းနှင့် ကြုံပါက ဆာလံ ၂၃ သည် အစဉ်ကြီးမားသော ခွန်အားကို ရရှိစေပါသည်။ ထိုကျမ်းချက်သည် အရှင်သခင်က ကျွန်ုပ်တို့ကို မည်သည့်အခါမျှ စွန့်ပယ်လိမ့်မည် မဟုတ်ကြောင်းကို စိတ်ချနေစေသော ကျမ်းချက်များ ဖြစ်ပေသည်။ သေမင်းအရိပ်ရှိသော လျှိုမြောင် ခြောက်ကမ်းဘား၌ ကျွန်ုပ်တို့ လျှောက်သွားရလင့်ကစား ကိုယ်တော်သည် အကျွန်ုပ်တို့နှင့်အတူ ရှိပါမည်ဟု ပြောပါသည်။ ထိုအချိန်၌ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်ရှိပြီး ကျွန်ုပ်တို့အား နှစ်သိမ့်ကာ ထာဝရ အသက်ရှင်သော နေရာသို့ ပို့ဆောင်ပေးပေမည်။

*ဒီဘီဘီ*

## *ဆာလံ - ၂၃*

ထာဝရဘုရားသည် ငါ၏ သိုးထိန်း ဖြစ်တော်မူ၏။ငါသည် ဆင်းရဲမခံရ။
စိမ်းလန်းသော ကျက်စားရာ အရပ်၌ ငါ့ကို အိပ်စေတော်မူ၏။
သာယာသော မြစ်နားသို့ လမ်းပြတော်မူ၏။
ငါ့ဝိညာဉ်ကို အားဖြည့်၍ နာမတော်အဘို့ အလို့ငှာ၊ တရားလမ်းထဲ
၌ သွေးဆောင်တော်မူ၏။
အကယ်၍ သေမင်း၏ အရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့ ရောက်သွားရသော်လည်း ဘေးအန္တရာယ်ကို မကြောက်ပါ။
အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်နှင့် အတူ ရှိတော်မူသည် ဖြစ်၍ အကျွန်ုပ်ကို ချမ်းသာစေပါ၏။
အကျွန်ုပ်၏ ရန်သူတို့ရှေ့မှာ အကျွန်ုပ်အဘို့ စားပွဲကိုခင်းတော်မူ၏။
အကျွန်ုပ်ခေါင်းကို ဆီနှင့် လိမ်းတော်မူ၏။ အကျွန်ုပ်ခွက်ဖလားသည် လျှံလျက်ရှိပါ၏။
အကယ်စင်စစ် အကျွန်ုပ်သည် ကျေးဇူးနှင့် ကရုဏာကို တစ်သက်လုံး ခံစား၍ ထာဝရဘုရား၏ အိမ်တော်မှာ အစဉ်အမြဲ နေရပါလိမ့်မည်။

အို မရဏာနိုင်ငံ၊ သင်၏ အောင်ခြင်းသည် အဘယ်မှာ ရှိသနည်း။

*၁ကော။ ၁၅း၅၅*

# *ဝမ်းနည်းကြေကွဲရန် မလိုတော့ပါ။*

သေခြင်း၊ နာကျင်ခြင်း၊ ဆာလောင်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ဖျားနာခြင်း၊ ရောဂါဝေဒနာ ဖြစ်ပွားခြင်းများ မရှိတော့ဘဲ အရာခပ်သိမ်းသည် ဝမ်းမြောက်ရွှင်လန်းဖွယ် သာယာဆွတ်မောဖွယ်ဖြင့်သာ ဖုံးလွှမ်းနေသော လောကကြီး တစ်ခုကို သင်မှန်းဆ တွေးမြင်နိုင်ပါသလား။ ထိုလောကကြီးသည်ကား သဟဇာတ အပြည့်အဝရှိပြီး ချစ်ခြင်းမေတ္တာအားဖြင့် ပေါင်းစည်းနေထိုင်သော လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေသည်။ ထိုလောကကြီးသည်ကား ကောင်းကင်ဘုံပင် ဖြစ်တော့သည်။

*ဒီဘီဘီ*

ကောင်းကင်ဘုံ ရှိခြင်းအတွက် ဘုရားသခင်ကို ကျေးဇူးတော် ချီးမွမ်းပါ။ ကောင်းကင်ဘုံ၌ အရာခပ်သိမ်းသည် အဆင်ပြေ ချောမွေ့ကာ မှန်ကန်ကောင်းမွန်လျက် ရှိပေသည်။

*ဒီဘီဘီ*

ကောင်းကင်ဘုံရောက်သော် လောက၌ အဘယ့်ကြောင့် ကျွန်ုပ်တို့ ဝေဒနာများ ခံစားခဲ့ရသည်ကို သဘောပေါက် နားလည်းပေမည်။ တမန်တော်ကြီး ရှင်ပေါလုက "ယခုတွင် ငါတို့သည် မှန်အားဖြင့် ရိပ်မိလျက်သာ နေကြ၏။ ထိုအခါမူကား၊ မျက်မှောက်ထင်ထင် မြင်ရကြလိမ့်မည်။ ယခုတွင်
ငါအသိအမြင် မစုံလင်ဖြစ်၏။ ထိုအခါမူကား၊ သူတစ်ပါးသည် ငါ့ကို သိသကဲ့သို့ ငါသိရလိမ့်မည်။

*ဒီဘီဘီ*

ကောင်းကင်ဘုံနှင့် ပတ်သက်၍ ရေးသားဖော်ပြချက်များတွင် ဗျာဒိတ်ကျမ်း အခန်းကြီး ၂၁၊ အခန်းငယ် ၄ သည်လည်း သမ္မာကျမ်းစာတွင် နှစ်သက်ဖွယ်ရာ အကောင်းဆုံး ကျမ်းပိုဒ်များတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ရှင်ယောဟန်က "ဘုရားသခင်သည် သူတို့၏ မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တဖန် သေဘေးမရှိရ။ စိတ်မသာ ညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်း မရှိရ။ အကြောင်းမူကား ရှေးဖြစ်ဖူးသော အရာတို့သည် ရွေ့သွားကြပြီ" ဟု မိန့်ကြားခဲ့ပါသည်။

*ဒီဘီဘီ*

ကောင်းကင်ဘုံ ဆိုသည်မှာ လူသား၏ အပြစ်ဒုစရိုက်ကြောင့် ပေါက်ပွားလာသော နာကျင်ခြင်း၊ သေခြင်းတည်းဟူသော ဝေဒနာများ သက်သာ ပျောက်ကင်းသွားရာ နေရာဌာနပင် ဖြစ်သည်။ ထို့ကြောင့်ပင် ဘုရားသခင်က ကောင်းကင်ဘုံ၌ ဆင်းရဲဝေဒနာ၊ နာကျင်ခြင်း သေခြင်းနှင့် ငိုကြွေးခြင်းများ ရှိတော့မည် မဟုတ်ကြောင်း မိန့်ကြားပါသည်။

*ဒီဘီဘီ*

သေခြင်းကိုလည်း နစ်မွန်းဆုံးရှုံး စေတော်မူလိမ့်မည်။ အရှင်ထာဝရ ဘုရားသည်လည်း ခပ်သိမ်းသော မျက်နှာတို့မှ မျက်ရည်ကို သုတ်တော်မူလိမ့်မည်။

*ဟေရှာယ အနာဂတ္တိကျမ်း ၂၅း၈*

သူတို့သည် နောက်တဖန်ရေကို မငတ်မမွတ်ရ။ နေရောင်ခြည် အလျှင်းမထိရ။ အဘယ်အပူကိုမျှ မခံရကြ။ အကြောင်းမူကား ပလ္လင်တော်အတွင်း၌ ရှိသော သိုးသူငယ်သည် သူတို့ကို လုပ်ကျွေး၍ အသက်စမ်းရေတွင်းသို့ လမ်းပြလိမ့်မည်။ ဘုရားသခင်သည်လည်း သူတို့ မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်ဟု ဆိုလေ၏။

*ဗျာဒိတ် ၇း၁၆-၁၇*

ကောင်းကင်ဘုံ ရောက်သောအခါ ငိုကြွေးမျက်ရည် ကျစရာ အကြောင်းများ ရှိပေဦးမည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က လူတို့၏ မျက်ရည်များကို သုတ်ပစ်ပေးရန် ရှိသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ တော်တော်များများသည် ကောင်းကင်ဘုံသို့ စရောက်သောအခါ၌ ကျွန်ုပ်တို့၏ များစွာသော မှားယွင်းမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသော အဖိုးအခများနှင့် ဆုံးရှုံးမှုကို သိရှိလာသောကြောင့် ငိုကြွေးကြဦးမည်မှာ ယုံမှားသံသရ ရှိစရာ အကြောင်းမရှိပေ။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဝမ်းနည်း ငိုကြွေးခြင်းများကို ပျောက်ကင်းစေပြီး၊ အနာဂတ်အတွက် စိတ်ခွန်အားကို ပေးလျက်ရှိပါသည်။ ကောင်းကင်ဘုံ၌ မျက်ရည်များ ကျနေဦးမည်။ သို့သော် ဘုရားသခင်သည် မိမိဝမ်းမြောက် ရွှင်လန်းခြင်းဖြင့် ငိုကြွေးခြင်းကို ပျောက်ကင်းစေပါမည်။ ထို့နောက် မျက်ရည်များ မကျတော့သကဲ့သို့ နှစ်ရက်ကာလများလည်း၊ မရှိတော့ဘဲ ထာဝရ ပျော်ရွှင်ခြင်းသာလျှင် ဖြစ်ပေါ်နေပေမည်။

*ဒီဘီဘီ*

စိတ်ပျက် ဝမ်းနည်းခြင်းများ၊ ပြိုလဲသွားသော အိမ်များနှင့် ခါးသီးသော အတွေ့အကြုံများသည် အိပ်မက်ဆိုး တစ်ခုကဲ့သို့ မကြာမီ မေ့လျော့ ပျောက်ပျက် သွားပေလိမ့်မည်။ ထိုအချိန်၌ ကောင်းကင် နိုင်ငံတော်၏ ဘုန်းအာနုဘော်နှင့် ပြည့်စုံသော အာရုံကျရောက်လာပေမည်။

*ဒီဘီဘီ*

ထိုအရပ်၌ လူဆိုးတို့သည် နောက်တဖန် မနှောက်ယှက်ရ။ ပင်ပန်းသော သူတို့သည် ချမ်းသာရကြ၏။

*ယောဘ ၃း၁*

ရောဂါဝေဒနာများ လုံးဝ ပျောက်ကင်းနိုင်သော တစ်ခုတည်းသော နေရာကား ကောင်းကင်ဘုံပင် ဖြစ်ပေသည်။

*ဒီဘီဘီ*

ဘေးအန္တရာယ်၊ ပျက်စီးဆုံးရှုံးမှုနှင့် ညစ်ထေးမှုများဖြစ်သည့် ဆင်းရဲသောက ဝေဒနာများစွာကို လောက၌ အသက်ရှင်စဉ် ကာလကဲ့သို့ လည်းကောင်း၊ ကောင်းကင်ဘုံ ရောက်သောအခါ၌ တွေ့ကြုံရတော့မည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ကောင်းကင်ဘုံ၌ အရာခပ်သိမ်းသည် ဘုရားသခင် ကမ္ဘာမြေကြီးကို စတင်ဖန်ဆင်းသည့် အချိန်သကဲ့သို့ပင် ပကတိ လှပသာယာနေခြင်းကြောင့် ဖြစ်ပါသည်။

*ဒီဘီဘီ*

ကောင်းကင်ဘုံ အဖွဲ့အစည်းတွင် တရားမျှတမှု အပြည့်အဝနှင့် ကောင်းမြတ်စွာဖြင့် အုပ်ချုပ်ခြင်းဖြင့် စစ်မှန်သော လွတ်လပ်မှု၊ ငြိမ်သက်ခြင်းနှင့် အားလုံးအတွက် မြောက်များစွာသော ပျော်ရွှင်ခြင်းများ ရရှိခံစားနိုင်ပေမည်။ ထိုခေတ်အချိန်ကာလက ဟေရှာယ ဗျာဒိတ်မှာ “ထာဝရဘုရားသည် လူမျိုးတို့တွင် တရားစီရင်၍ များပြားသော သူတို့ကို ဆုံးမတော်မူသဖြင့် သူတို့ထားသည့် လက်နက်များကို ထွန်သွားဖြစ်စေခြင်းငှာ လည်းကောင်း၊ လှံများကို တံစဉ် ဖြစ်စေခြင်းငှာ လည်းကောင်း၊ ထုလုပ်ကြလိမ့်မည်။ တစ်ပြည်ကို တစ်ပြည် စစ်မတိုက်၊ စစ်အတတ်ကိုလည်း နောက်တဖန် မသင်ရကြ။ (ယေရှာယ။ ၂း၄)

*ဒီဘီဘီ*

ယနေ့ကမ္ဘာပေါ်တွင် ကြုံတွေ့နေရသော ထိတ်လန့်ဖွယ် တိုက်ခိုက်ခြင်းများ၊ သတ်ဖြတ်ခြင်းများနှင့် စစ်မက်ရေးရာအတွက် လက်နက်ကရိယာများ ထုတ်လုပ်စုဆောင်းခြင်းမျိုးများ ရှိတော့လိမ့်မည် မဟုတ်ပါ။ တော်မှန်ဖြောင့်မတ်သော အုပ်ချုပ်သူနှင့် မှန်ကန်စွာ အုပ်ချုပ်သော အစိုးရအဖွဲ့သာ နောက်ဆုံးမှ ရှိပေလိမ့်မည်။ အလွဲသုံးစားပြုခြင်း၊ ဆိုးသွမ်းယုတ်မာခြင်း၊ ဒုစရိုက် ပြုလုပ်ခြင်းနှင့် လာဒ်စားခြင်းများသော် လည်းကောင်း၊ ကလိမ်ကကျစ် နိုင်ငံရေးသမားများလည်း ရှိမည်မဟုတ်ဘဲ၊ ဖြောင့်မတ်သော အုပ်ချုပ်ရေးဖြင့် အားလုံးကို စစ်မှန်သော တရားမျှတမှုမျိုး ရရှိစေလိမ့်မည်။

*ဒီဘီဘီ*

ဘုရားသခင်သည် ဆင်းရဲနွမ်းပါးသော သားသမီးများကို ကယ်မသနားပြီး ဖိနှိပ်ရက်စက်သူများကို အစိတ်စိတ် အမွှာမွှာ ဖြိုခွင်းလိုက်ပေမည်။ ဆာလံဆရာက - ထိုမင်းသည် ကိုယ်တော်၏ လူတို့တွင် ဆင်းရဲသားတို့ကို တရားစီရင်လျက် ငတ်မွတ်သော သူတို့၏ သားသမီးများကို ကယ်မ၍ ညှဉ်းဆဲသော သူကိုလည်း နှိပ်စက်ပါလိမ့်မည်။ အကြောင်းမူကား ငတ်မွတ်သောသူ၊ အော်ဟစ်သောအခါ ထိုသူကိုလည်းကောင်း၊ ကိုးကွယ်ရာမရှိ၍

ဆင်းရဲသော သူကိုလည်းကောင်း ၊ ချမ်းသာ ပေးတော်မူလိမ့်မည်။

*ဆာလံ ၇၂း၄၊၁၂*

࿐

တန်ခိုးအာဏာ ကြီးမားသူ သော်လည်းကောင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်း ခံရသော ဆင်းရဲသား သော်လည်းကောင်း၊ ရှိလိမ့်မည် မဟုတ်ဘဲ၊ ဖြောင့်မှန်ခြင်းနှင့် တရားမျှတမှုရှိပြီး အားလုံးသည် ထာဝရ ပျော်ရွှင် ကြပေလိမ့်မည်။ ထို့ကြောင့် သင်သည် ချို့ယွင်းချက်ကင်းပြီး ပြည့်စုံသောနိုင်ငံ၊ ချွတ်ယွင်းချက်ကင်းသော အစိုးရနှင့် နိုင်ငံသားများ နေထိုင်လျှက်ရှိသော နိုင်ငံကို ရှာဖွေနေပါက နောက်ထပ် နည်းနည်းသာ စောင့်ပေဦးတော့။ မကြာမီ ရောက်လာပါတော့မည်။

*ဒီဘီဘီ*

# *ချစ်မြတ်နိုးခဲ့သူများနှင့် ပြန်လည်ဆုံဆည်းခြင်း*

ကောင်းကင်ဘုံနှင့် ပတ်သက်သော အကောင်းဆုံး အရာများအနက် လောကတွင် ကွယ်လွန်သွားခဲ့ကြသော ချစ်မြတ်နိုးရသူများနှင့် ပြန်လည်ပေါင်းဖက် ဆုံဆည်းရခွင့်သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ကျွန်ုပ် ချစ်မြတ်နိုးခဲ့ရသူများ၊ ဆွေမျိုးမိတ်သဃ်ဟများ၊ ဘိုးဘွားဘီဘင်များနှင့် တစ်နေရာတည်း၊ တစ်ချိန်တည်း၌ ရွှင်လမ်းဝမ်းမြောက်စွာ ပြန်လည်ပေါင်း ဖက်ခွင့်ရသော အကြီးကျယ်ဆုံး မိသားစု ပြန်လည်ဆုံဆည်းရသော ပွဲကြီး တစ်ခုပင် ဖြစ်သည်။ နောက်ဆုံး၌ အားလုံး အတူတကွ နေထိုင်ရတော့သည်။

*ဒီဘီဘီ*

࿐

မကြာမကြာ လူများသည် ကျွန်ုပ်ထံသို့ ရောက်လာပြီး “ မစ္စတာ မူဒီ ကျွန်ုပ်တို့ သေဆုံးပြီးနောက်၊ ကောင်းကင်ဘုံသို့ ရောက်ကြတဲ့အခါ တစ်ယောက်နဲ့ တစ်ယောက် သိကြပ့ါမလား ” ဟု မေးတတ်ကြပါသည်။ ထိုသို့ မေးတတ်သူများမှာ ရင်နှစ်သည်းချာ ချစ်လှစွာသော သားကလေး ဆုံးရှုံးလိုက်ရပြီး သားငယ်အား ပြန်လည်တွေ့ဆုံလိုလှသည့် မိခင်တစ်ဦး ဖြစ်တတ်သလို အမေ (သို့) အဖေ ကွယ်လွန်သွားရှာသော သားငယ်က မိဘများအား ကောင်းကင်ဘုံ၌ ပြန်လည်ဆုံသောအခါ မှတ်မိလိုသူများ ဖြစ်ပါသည်။ ဤမေးခွန်းကို အဖြေပေးသော ကျမ်းချက်ကား “ကျွန်ုပ်မူကား ဖြောင့်မတ်၍ မျက်နှာတော်ကို ဖူးမြင်ရပါလိမ့်မည်။ နိုးသောအခါ ပုံသဏ္ဍာန်တော်အားဖြင့် ကျွန်ုပ်အလိုပြည့်စုံ ရပါလိမ့်မည်” ကျွန်ုပ် သိလိုသည်မှာ ဤအချက်ပင် ဖြစ်ပါသည်။ မနေ့တနေ့က အထက်ဘုံသို့ ရောက်သွားပြီဖြစ်သော ညီအစ်ကိုအား ကျွန်ုပ်ပြန်တွေ့ရပေမည်။ ကောင်းကင်ဘုံ၌ ရောက်ရှိနေသော သူများကို ဤလောက၌ အသက်ရှင်စဉ်က ချစ်ခင်ခဲ့ပါက ထိုနေရာ၌ ကျွန်ုပ်တို့ ပြန်ဆုံသောအခါ အဆပေါင်း တစ်ထောင်ကျော် ချစ်ခင်ခွင့် ရပေမည်။

*ဒွိုက်အယ်လ်မူဒီ*

࿐

သေဆုံးပြီးနောက်ဝယ် ကျွန်ုပ်တို့၏ ဝိညာဉ်များသည် ကွဲပြား၍ မနေတော့ပါ။ ဘုရားသခင်၏ ဆန်းကျယ်သော ဖန်ဆင်းမှု တစ်နေရာတွင် ခေတ္တခွဲခွာခဲ့ရသော ချစ်မြတ်နိုးရသူများနှင့် ပြန်လည်ဆုံဆည်းခွင့် ရပေမည်။

*စီအယ်လ်အေ*

࿐

“ချစ်ခြင်းမေတ္တာ ဟူသမျှသည် ဘုရားသခင်ထံ၌ ရှိပေသည်” ဟု တမန်တော် ယောဟန်က ကျွန်ုပ်တို့အား သတိပေးနေပါသည်။ ချစ်ခြင်းမေတ္တာသည် လူသေခေါင်းတွင်း၌ ထည့်၍ သင်္ဂြိုလ်လိုက်၍ မရပါ။ အဘယ့်ကြောင့်ဆိုသော် ဤလောက၌ သာယာလှပသော်လည်း ထာဝရမရှိဘဲ ခွဲခွာသွားရသော ပေါင်းသင်းဆက်ဆံခြင်းများသည် အထက်ကောင်းကင်ဘုံ ခမည်းတော်၏ နေအိမ်၌ ပြန်လည်၍ စနိုင်သောကြောင့် ဖြစ်သည်။ ဘခမည်းတော်၏ နေအိမ်၌ ကျွန်ုပ်တို့သည် ပြည့်စုံစစ်မှန်သော မိတ်သဟာယဖြင့် မိသားစုတစ်ခုတည်း၌ နေထိုင်ရပေမည်။

*အိပ်(ချ်)လော့(ခ်)ယာ*

ကွယ်လွန်သွားသော ညီဖြစ်သူ ဂျွန်၏ ဇနီးထံသို့ ၁၇၅၆ခုနှစ်၊ ဖေဖဝါရီလ (၂၂)ရက်နေ့က ဘင်ဖရန့်ကလင် ပေးပို့သော စာမှ ကောက်နှုတ်ချက်။

ညီမလေး -

မင်းနဲ့ အတူထပ်တူ ထပ်မျှ ကြေကွဲဝမ်းနည်း မိပါတယ်။ ဒို့ဟာ အချစ်ရဆုံး တန်ဘိုးမဖြတ်နိုင်တဲ့ ဆွေမျိုးတစ်ယောက်ကို ဆုံးရှုံးရပါတယ်။ ဒါပေမဲ့ - ဒါဟာ ဘုရားသခင်ရဲ့ အလိုတော်ပါဘဲလို့ လက်ခံကြရမှာဘဲ။ နောက်ပြီး သဘာဝတရား အရဘဲ သေမျိုးရဲ့ ခန္ဓာကိုယ်ကို စွန့်ပြီး ညီလေးဂျွန်ရဲ့ ဝိညာဉ်ဟာ စစ်မှန်သော ထာဝရအသက်ကို ရရှိဘို့အတွက် သန္ဓေပြန်တည်တယ်လို့ဘဲ လက်ခံသဘောပေါက်ရမှာပါ။

တကယ်တော့ လူတစ်ယောက်ဟာ မသေမချင်း လုံးလုံးလျားလျား မွေးဖွားတယ်လို့ မဆိုနိုင်ပါဘူး။ ဒါကြောင့် မသေတော့တဲ့ ဘဝထဲကို အသစ်စက်စက် ကလေးငယ်လေး တစ်ယောက်မွေးဖွား လာခြင်းအတွက် ဒို့ကဘာကြောင့် ပူဆွေးနေရမှာလဲ၊ တစ်ကယ်တော့ ပျော်ရွှင်တဲ့ အသိုင်းအဝိုင်းထဲကို အဖွဲ့ဝင်သစ်တစ်ဦး ရောက်ရှိသွားတာဘဲ ဖြစ်ပါတယ်။

ကျွန်ုပ်တို့ ခန္ဓာကိုယ်များကို ခေတ္တ ငှားရမ်းပေးထားခြင်းအတွက် ဘုရားသခင်သည် သနားကြင်နာ၍ ကောင်းမှု တစ်ခုပေးခြင်းသာ ဖြစ်သည်ဟု ယူဆရပေမည်။ ကိုယ်တော်ရှင်ဘုရား၏ အလိုတော်နှင့် မညီတော့ဘဲ ကျွန်ုပ်တို့အား သာယာသုခ မခံစားရဘဲ ဒုက္ခဝေဒနာများသာ ဖြစ်ပေါ်စေခြင်း၊ သူတစ်ပါးကို ကူညီထောက်ပံ့ရမည့်အစား၊ ဒုက္ခဝေဒနာနှင့် ဝန်ထုပ်ဝန်ပိုးသာ ဖြစ်စေကာ ဘုရားသခင်၏ မူလ ရည်ရွယ်ချက်ကို အကျိုးတစ်ခုမျှ မပြုတော့ခြင်းအတွက် ဤခန္ဓာကိုယ်အား စွန့်လွှတ်ပစ်ရန် နည်းလမ်းကို ပေးခြင်းအတွက်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ် ကြင်နာလျက် ကောင်းမြတ်လှကြောင်းကို သဘောပေါက် ရပေမည်။

သေခြင်းတရားဆိုသည်မှာ ဒီအတိုင်းပါဘဲ။ ဒါကြောင့် ဘာလို့ငိုကြွေး ပူဆွေးနေရမှာလဲ။ မကြာခင် ဒို့တတွေလည်း ညီလေးနောက် လိုက်ကြပြီး သူဘယ်မှာရှိသလဲဆိုတာ သိနေကြတာဘဲ။

***သေဆုံးပြီး နောက်တစ်ဘဝ***

ကျွန်ုပ်အတွက်တော့ အနီးလေးလိုပါဘဲ။
နောင်ဘဝဆိုတဲ့ ထူးဆန်းလှတဲ့နိုင်ငံ လက်တစ်လှမ်း
တစ်ဘက်ကမ်း၌သာ ဖြစ်ပါတယ်။
သို့သော်- ကျွန်ုပ် နှစ်သက်ချစ်ခင်လှသူများ၏
နေသားကြနေသော ဌာနေသာ ဖြစ်၍
ကျွန်ုပ်အတွက်မူ - ဝေးလံသော တိုင်းပြည်များမှာ မိတ်ဆွေများ
ခရီးသွားလာ၍ တိုင်းနိုင်ငံများ နီးကပ်နေသကဲ့သို့
ထိုတိုင်းနိုင်ငံသည် ကျွန်ုပ် ရင်းနှီးခင်မင်ပြီး လျှက်ပါ။

ဒါကြောင့် ကျွန်ုပ်အဘို့ သေခြင်းအတွက်
နာကျင်စူးရှရန် အကြောင်းမရှိပါ။ သေခြင်းကို အောင်မြင်နိုင်ပေပြီ။
အမှန်တော့ သေခြင်းဆိုသည်မှာ
ပင်လယ်ကွေ့ မြောင်ကလေး တစ်ခုကို ကူးဖြတ်စဉ်
အသက်ရှူ ရပ်နားသွားကာ မျက်နှာဖြူလျော် တည်နေခြင်း သာဖြစ်ပြီး- တစ်ဖက်ကမ်း၌ ချစ်ခင်ရသူများ
စောင့်စားနေသည်ကို တွေ့မြင်ရပြီး
ယခင်ကထက် ပို၍လှပ၊ ပို၍တန်ဘိုးကြီးလှသော
အချိန်သာလျှင် ဖြစ်ပေသည်။

*အယ်လာဗွီးလာ၊ ဗီးလ်ကော့*

ကောင်းကင်ဘုံသို့ ရောက်နေသော သင်ချစ်ခင်ရသူကို တွေ့မြင်ရန် တမ်းတနေပါက စိတ်မပျက်ပါနှင့်။ သင်ပြန်တွေ့ရမှာပါ။ သင်ကြားလိုသော အသံကို ပြန်ကြားရမှာပါ။ လောကမှာ အသက်ရှင်စဉ်က ရုပ်သဏ္ဍာန်အတိုင်း သင်ချစ်ခင်ရသူအား ကောင်းကင်၌ မြင်မြင်ခြင်း သင်မှတ်မိမှာပါ။ အဲဒီလို ကောင်းကင်မှာ ဆုံကြရင်တော့၊ နောင်ဘယ်သောအခါမျှ မခွဲကြရတော့ပါဘူး။ သင်ချစ်ခင်ရသော သူသည် သင်နှင့်တခဏခွဲခွာ ပျောက်ဆုံးရခြင်းသာ ဖြစ်ပါသည်။

*အိပ်ချ် - လော့ယာ*

ကောင်း ကင်ဘုံ၌ “ ခွဲခွာခြင်း ” ဆိုသည့် ဝေါဟာရ မရှိပါ။

ကျွန်ုပ်သည် ချစ်ခင်တတ်သော အသဲနှလုံး ပိုင်ရှင်များအား မာကြောသော မြေကြီးထဲတွင် မြုပ်နှံသဂြိုလ်လိုက်ရသည်အထိ အညံ့ခံ လက်လျှော့တတ်သူ မဟုတ်ပါ။

*အဲ့တနာ၊စိန်ဗင့်စင့်၊မီလေး*

ᡕ

### *ကျွန်ုပ်စိတ်ကူးကြည့်မိသော ကောင်းကင်နိုင်ငံ*

ကောင်းကင်ဘုံဟာ ဘာလဲဆိုတာ ကျွန်ုပ်မသိပါ။ သို့သော် ခရမ်းရောင် တောင်ကုန်းများ မပျက်သော အလှနှင့် ဖူးပွင့်သည့် ပန်းပင်များ ပေါက်ကာ တောက်ပသော လယ်ကွင်းများ၊ ရယ်မောသံများ လွှမ်းခြုံနေသော စမ်းချောင်းများ၊ တေးသံသာများ ငြိမ့်ညောင်းနေသော မြစ်များနှင့် ထာဝရ ချစ်ခြင်းမေတ္တာဖြင့် ပြည့်ဝနေသော နန်းတော်များ ရှိကြသည်ဟု အကျွန်ုပ် အချိန်အတော်ကြာကတည်းကပင် စိတ်ကူးပေါက် ရောက်ခဲ့ပါသည်။ တဖန် ကောင်းကင်ဘုံတွင် ကြောင်ကျောက်နှင့် ဆောက်တည်ထားသော မျှော်စင်များ၊ တောက်ပြောင်နေသည့် အမိုးဝိုင်းနှင့် အဆောက်အဦကြီး များလည်း ရှိနေသည်ဟု ကျွန်ုပ်စိတ်ကူး မိပါသေးသည်။ သို့သော် ပုလဲဖြင့် ဆောက်လုပ်ထားသော တံခါးဝများနှင့် ရွှေဖြင့်ခင်းထားသော လမ်းများကို ကျွန်တော် စိတ်မဝင်စားပါ။ ကျွန်ုပ်တွေ့မြင်လိုသည်မှာ ဤလောကတွင် အသက်ရှင်စဉ်က ကျွန်ုပ်ကို ကောင်းချီးများစွာ ပေးခဲ့သည့် ဘုန်းပွင့်လန်းနေသော အဖေ၊ အမေနှင့် သေဆုံးသွားသော ညီလေးတို့သာ ဖြစ်ပေသည်။ ကြယ်ပွင့်များဖြင့် မွန်းမံထားသော စိန်သရဖူနှင့် ရွှေစောင်းတို့ကို ကျွန်ုပ် ဂရုမပြုဘဲ၊ ကျွန်ုပ်မိဘနှင့် ညီလေးတို့နှင့် အတူ ပြုံးရွှင်နေသော ကယ်တင်ရှင် ဘုရားနှင့်အစဉ်အမြဲသာ ရှိပါတော့သည်။

*ဘော့တေလာ*

# *ကျွန်ုပ်တို့၏ ကောင်းကင်ဘုံ ကိုယ်ခန္ဓာများ*

တစ်ဦးချင်း ကောင်းကင်ဘုံသို့ ရောက်သော် မည်သို့ ရှိနေမည်ကို ဦးစွာမသိမခြင်း ကောင်းကင်ဘုံသည် မည်မျှ ဆန်းကျယ်လှသည်ကို ကျွန်ုပ်တို့ နားလည်နိုင်မည် မဟုတ်။

*ဒီဘီဘီ*

ᡕ

ဤလောကနှင့် သက်ဆိုင်နေသော ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် လှုပ်ရှားမှုများ၌ နှေးကွေးလေးလန်လျှက် ရှိပါသည်။ ငေးမောတွေဝေပြီး လှုပ်ရှားသွားလာရခြင်းများကြောင့် နွမ်းနယ်သွားပေသည်။ သို့သော် ကောင်းကင်ဘုံရှိ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်များသည် မီးကဲ့သို့ လျင်မြန်ပြီး ကျွန်ုပ်တို့၏ အတွေးများကဲ့သို့ မြန်ဆန်ပေါ့ပါး သွက်လက်လျှက် ရှိပေသည်။

*ဂွန်ဝက်စလေ*

ᡕ

သင်သည် သင်၏ ပကတိရုပ်အတိုင်းသာ ရှိပြီး၊ သည်အသွင် သဏ္ဌာန် အတိုင်းသာ ရှိနေပေမည်။ ပို၍ကောင်းမြတ်ခြင်းသာ ထူးခြားနေပေမည်။

*ဒီဘီဘီ*

ᡕ

ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်များသည် ယခုအတိုင်းပင် ရှိနေကြပေမည်။ ပို၍ ကောင်းမြတ်ခြင်းသည် ထူးခြားသွားပေမည်။ ကျွန်ုပ်တို့၏ ယခုပုံပန်း သဏ္ဌာန်အတိုင်း ရှိနေပြီး၊ တစ်ဦးကို တစ်ဦး မှတ်မိကာ ကောင်းစွာ ပြောဆို ဖေါ်ပြနိုင်ပေမည်။ ယခု အကျင့်စရိုက် ပုံစံများအတိုင်းလည်း ဆက်လက်ရှိနေမည်သာ ဖြစ်ပါသည်။

*ဒီဘီဘီ*

ᡕ

ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်များသည် ယခုဖြစ်ပေါ် နေသည့်အတိုင်း ရှိမည်။ သို့သော် ပုံစံအသစ် ဖြစ်နေမည်။ အိုမင်းရင့်ရော် ဆွေးမြေ့ကြွေပျက်နေသော ဤပကတိ ရုပ်ကလပ်သည် မြေကြီးသို့ ပြန်သွားပေမည်။ လုံးဝသစ်လွင်သော ကောင်းကင်ခန္ဓာကိုယ်နှင့် လဲလှယ် ပြောင်းယူသွား ရပေမည်။

*ဒီဘီဘီ*

သေခြင်းမှ ပြန်လည်ရောက်ရှိလာသော ယေရှုသည် မိမိ၏ ယခင်ရုပ်သွင်အတိုင်း မြင်တွေ့ရပြီး ယေရှုသည် မိမိ၏ ယခင်ခံစား တွေ့ထိရသည့်အတိုင်း ခံစားတတ်ပေသည်။ ယေရှုသည် အစားအစာကိုလည်း စားသောက်နိုင်ပြီး၊ ရေလည်း သောက်သုံးကာ ချက်ပြုတ်စားသောက် နေထိုင်ကြသည်မှာ ယခင်မြေကြီးပေါ်၌ အသက်ရှင်သည့်အတိုင်း ဖြစ်ပါသည်။ ယေရှုသည် မိမိ၏ တပည့်တော်များအား "ငါလက်ကို ကြည့်ကြလော့။ ငါ့ကိုယ်ပင် ဖြစ်၏။ ငါ့ကိုကြည့်ရှု စမ်းသပ်ကြလော့။ ငါသည် သင်တို့မြင်သည့်အတိုင်း အရိုးအသားနှင့် ပြည့်စုံ၏။ တစေ မည်သည်ကား ဤကဲ့သို့ မပြည့်စုံဟု မိန့်တော်မူ၏။ တပည့်တော်များသည် ယေရှုကို အမှန်ထိတွေ့ကိုင်တွယ် မြင်တွေ့နိုင်ကြပေသည်။ သို့သော် ယေရှု၏ ခန္ဓာကိုယ်သည် သေရာမှ ပြန်လည်ထမြောက်သည့် အံ့ဘွယ်သူရဲတန်ခိုး ဒ္ဒိပါဒ်နှင့် ပြည့်စုံနေပေသည်။

ယေရှု၏ ခန္ဓာကိုယ် အသစ်သည် ရုပ်ပိုင်းဆိုင်ရာ အကောင်အထည် ဖော်ပြတတ်သကဲ့သို့ ငုတ်လျှိုးပျောက်ကွယ် သွားအောင်လည်း ပြုလုပ်နိုင်ပေသည်။ မြင်ကွင်းတစ်ခုမှ တစ်ခုသို့ ကျော်လွှားပြီး ပေါ်လွင်တတ်သကဲ့သို့ ထူထဲသော အုတ်နံရံများ၊ သော့ခတ်ထားသော တံခါးများကို ဖေါက်ထွင်းသွားနိုင်ပေသည်။ (ယောဟန် ၂၀း ၁၉၊ ၂၆)

*ဒီဘီဘီ*

ကျွန်ုပ်တို့သည် ခရစ်တော် ပြန်လည်ထမြောက် ရှင်သန်လာပြီးရှိသော ခန္ဓာကိုယ်အတိုင်း ခန္ဓာကိုယ်များကို ပိုင်ဆိုင်ရကြလိမ့်မည်။ ကျွန်ုပ်တို့ တစ်ဦးချင်း တစ်ယောက်ချင်းသည် မပျက်မစီး ထာဝရတည်မြဲပြီး ကျေးဇူးတော် ချီးမွမ်းသော သစ်လွင်သည့် ခန္ဓာများ ရရှိကြလိမ့်မည်။ ယခုတည်ရှိသကဲ့သို့ ထိုခန္ဓာကိုယ်များသည် အသွေးအသားနှင့် အရိုးစစ်စစ်ဖြင့် တံစဉ်ဆောက် နေပေလိမ့်မည်။ သို့သော် ထာဝရ အသားအရေနှင့် အရိုးများသာ ဖြစ်ပေမည်။ ပျက်စီးခြင်း၊ သေကြေခြင်းမှ ကင်းဝေးပေမည်။ ထိုခန္ဓာကိုယ်များသည် ရုပ်သွင်ဏ္ဍာန်များဖြင့် စစ်မှန်နေပြီး သိရှိနိုင်၊ မြင်တွေ့နိုင်၊ ထိတွေ့ခံစားနိုင် သော ခန္ဓာကိုယ်များ ဖြစ်ပေမည်။ (ယောဟန် ၃း၂)

*ဒီဘီဘီ*

မျက်မှောက်ဘဝတွင် တွေ့ရှိခံစားရသော သာယာပျော်ရွှင်မှုများ အားလုံးသည် နောင်တမလွန် ဘဝသို့တိုင်အောင် ဆက်လက်ဖြစ်ပေါ် သွားပေမည်။ အဘယ့်ကြောင့်ဆိုသော် လက်ရှိကိုယ်ခန္ဓာများနှင့် ဆင်တူရှိနေမည့် ခန္ဓာကိုယ်များသည် ကျွန်ုပ်တို့ ရရှိကြပေမည်။ သို့သော် ဘုန်းကျက်သရေနှင့် တကွ ထူးဆန်းကာ မဖေါ်ပြတတ်လောက်အောင် ပိုမိုဆန်းကျယ် နေပေမည်။ ကျွန်ုပ်တို့သည် နာကျင်မှု၊ ဖျားနာမှု၊ မောပန်းနွမ်းနယ် ခြင်းများအတွက် သော်လည်းကောင်း၊ သေခြင်းအတွက်သော် လည်းကောင်း၊ ခံစားပူပင်စရာ မရှိဘဲ၊ ပျော်ရွှင်ဝမ်းမြောက်စွာ စားသောက်နေထိုင် နိုင်ကြပေမည်။

*ဒီဘီဘီ*

စက္ခုအာရုံများအရလည်းကောင်း၊ ထုတ်ဖော်ပြသမှု ရရှိခြင်းများကြောင့် လည်းကောင်း၊ ကောင်းကင်ဘုံကို လျှပ်တပျက် တွေ့ရှိ၊ ရောက်ရှိခဲ့သူများ၏ အတွေ့အကြုံများအရ - ကောင်းကင်ဘုံသို့ ရောက်ရှိသွားသောအခါ ကျွန်ုပ်တို့သည် ရင့်ကျက်လာသကဲ့သို့ ရှိ၏။ နုနယ်ငယ်ရွယ်သူများ အနေဖြင့် ရင့်ကျက်လာကြကာ သက်ကြီးရွယ်အိုများ မှ အရွယ်လတ်များကဲ့သို့ ရှိပြီး သန်မာကာ အရွယ်ကောင်းများကဲ့သို့ ပေါ်လွင်နေပေသည်။

*ဒီဘီဘီ*

## *သင်ကြားနေ၊ ဆည်းပူးနေ၊*
## *မှတ်သားနေ !*

ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့သည် ဆက်လက်၍ပင် သင်ကြားနေရ ဦးမည်သာ ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် ဆက်လက်ဖွံ့ဖြိုးသော အသိညာဏ်များ ထွန်းကားလာပေမည်။ သို့သော် လုံးဝပြည့်စုံကြွယ်ဝသော အသိပညာများ ရရှိဦးမည် မဟုတ်ပေ။ အနာဂတ် ဆိုသည်မှာ

ဤသို့သာ ဖြစ်သည်။ သင်ကြားမှု လမ်းကြောင်းနှင့် လုပ်ထုံးလုပ်ရပ်များကို လောကမှာ အစပြုခဲ့သည့်အတိုင်း ဆက်လက်၍ သင်ကြားသွားရန် ဖြစ်သည်။ ကျွန်ုပ်တို့ သင်ယူမှတ်သားရန် များစွာရှိနေပေဦးမည်။

*ဒီဘီဘီ*

ဤဘဝ၌ မသင်ကြား မသိရှိခဲ့သည်များ ရှိနေသေး၍ ကောင်းကင်ဘုံ၌ ဘုရားသခင်သည် ကျွန်ုပ်တို့အား သင်ကြားပြသရန် များစွာ ရှိနေပေသည်။

*ဒီဘီဘီ*

အများက သိနေကြသော ယုံကြည်ချက်နှင့် ဆန့်ကျင်ကာ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံသို့ ရောက်ရှိသည်နှင့် ချက်ချင်းပင် အရာရာကို သိရှိနိုင်မည် မဟုတ်ပါ။ ထိုသို့သာ သိရှိနိုင်မည်ဆိုပါက ကျွန်ုပ်တို့ ကိုယ်တိုင် အရာရာ အားလုံးကို သိမြင်တတ်သော ဘုရားပင် ဖြစ်ချေပေမည်။ မသိရှိသော အရာများကို လေ့လာသင်ကြား နိုင်စေရန်အတွက် ဘုရားသခင်သည် အချိန်ထားရှိပေးကာ ဤဘဝမှ နောင်တမလွန်ဘဝသို့ ရောက်ရှိသော် ထာဝရ အသက်တာအတွက် လုပ်ဆောင်ရန်များကို ဆောင်ရွက်စေပေဦးမည်။ အတိတ်က ဖြစ်ရပ်များနှင့် ယင်းတို့ ဖြစ်ခဲ့ရခြင်း အကြောင်းတရားများကို ကျွန်ုပ်တို့ လေ့လာ သိရှိနိုင်ပေမည်။ ၎င်းအပြင် ဘုရားသခင်၏ မှန်ကန်စွာ ဆင်ခြင်တုံတရားနှင့် ကိုယ်တော်ရှင်၏ ရည်ရွယ်ချက်နှင့် အလိုတော် မည်သို့ရှိသည်ကို လေ့လာသိရှိနိုင်ပေမည်။

*ဒီဘီဘီ*

ထာဝရဘဝတွင် အစဉ်တစိုက် လေ့လာသင်ကြားရမည့် လုပ်စဉ်လုပ်ရပ်များ ရှိနေပေသည်။ ထိုဘဝ၌ အဆင့်တစ်ခု ခြေလှမ်းတစ်ခု ရှိလာမည်ဖြစ်ပြီး ယခင်က ပြုလုပ်ရန် ပျက်ကွက်ခဲ့သည်များ မသင်ကြားလိုက်ရသော အရာများကို ပြုလုပ်သင်ကြားရန် အခွင့်အလမ်းများ ရှိလာပေမည်။ ထာဝရဘဝအတွက် ဘုရားသခင်ကို ကျေးဇူးတော် ချီးမွမ်းရမည်သာ။ မကောင်းသော အကျင့်စရိုက်များအား ပြုပြင်သွားရန်နှင့် ပျက်ကွက် ဆုံးရှုံးမှုများအား ပြန်လည်ဖာထေး ပြုလုပ်ရန် များစွာရှိနေပေမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ပြစ်မှား စော်ကားခဲ့သူများအား ပြန်လည် ဆုံစည်းခွင့် ပြုကောင်းပြုပေမည်။ ထိုသို့ ဆုံစည်းရခြင်းအတွက် အရာအားလုံးကို ပြန်လည်ညှိနှိုင်း ကောင်းမွန်သွားစေပြီး ကျွန်ုပ်ပြစ်မှား ခဲ့သူများအား ခွင့်လွှတ်ရန် တောင်းပန်ခွင့် ရရှိကောင်း ရရှိနိုင်ပေမည်။

*ဒီဘီဘီ*

(တိမောသေ ဒုတိယစာစောင် ၆း၇) တွင် ရှင်ပေါလုက “ငါတို့သည် လောကထဲသို့ အဘယ်အရာမျှ မပါဘဲ လာသည်ဖြစ်၍ ထွက်သွားလျှင်လည်း အဘယ်အရာကိုမျှ ယူ၍ မသွားနိုင်ဟု ထင်ရှားလျက် ရှိ၏” ဟု ရှုမြင်ပြောကြားခဲ့၏။ ရှင်ပေါလုက ပစ္စည်းဥစ္စာနေ ချမ်းသာကို ရည်ညွှန်းခြင်း ဖြစ်ပေသည်။ ကျွန်ုပ်တို့ ဤဘဝပိုင်ဆိုင်မှုများအနက် ပစ္စည်း ဥစ္စာကို သေရာပါအောင် မသယ်ဆောင် သွားနိုင်သော်လည်း ကျွန်ုပ်တို့၏ အသိပညာ အတွေ့အကြုံနှင့် လေ့ကျင့် တတ်ကျွမ်းမှုများကိုမူ တမလွန် ဘဝသို့တိုင် ယူဆောင်သွားကြမည် ဖြစ်ပါသည်။

*ဒီဘီဘီ*

ကောင်းကင်ဘုံ ရောက်ရှိသော အခါ၌ ဘုရားသခင်သည် ကျွန်ုပ်တို့ လောက၌ ရှိစဉ်က ဖုံးကွယ်ခဲ့သည်များကို ပြန်လည်ဖွင့်လှစ် ထုတ်ဖော်ပြသ မည် ဖြစ်ပေသည်။

ကောင်းကင်ဘုံ၌ အရာတော်တော် များများသည် ခြားနား ကွဲပြားလျက် ရှိပေမည်။ သို့သော် အရာခပ်များများကလည်း အတူတူပင် ရှိနေကြောင်းကို တွေ့ရှိရပေမည်။ မည်မျှတူနေသည်ကို ကျွန်ုပ်တို့ ရရှိခဲ့သော အသိပညာ၊ ကျွမ်းကျင်မှု၊ အရည်အချင်းနှင့် အတွေ့အကြုံများကို ဆက်လက်အသုံးချ သွားရမည်သာ ဖြစ်ပေသည်။ ကျွန်ုပ်တို့ ရရှိထားသော တတ်မြောက်မှု အဖုံဖုံကို ကောင်းကင်ဘုံ၌ ဘုရားသခင်က အချည်းနှီး မထားပါ။

*ဒီဘီဘီ*

ဤဘဝ အသက်တာသည် လေ့လာသင်ကြားမှု ပြီးဆုံးသွားပါက နောက်ထက်သင် ဘာလုပ်ရမည်ကို သင်ကြားပြသ နေခြင်းသာ ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် မြင့်မြတ်ဆန်းကျယ်လှသော လက်ရှိအသက်တာ၌ အခါအားလျော်စွာ ရှေ့သို့တိုး၍လည်းကောင်း၊ နောက်သို့ဆုတ်၍လည်းကောင်း၊ ဘာဖြစ်လာမည်ကို ကြည့်နေရင်း လေ့လာနေထိုင် သွားနိုင်ပေသည်။ ကျွန်ုပ်တို့သည် အတိတ်က ဖြစ်ရပ်များအား၊ ၎င်းတို့ ပကတိဖြစ်ပေါ်ခဲ့သည့်အတိုင်း မြင်တွေ့၊ ကြားသိ၊ ခံစား၊ တွေ့ကြုံ နေရပေမည်။

*ဒီဘီဘီ*

မေးခွန်းများ ထုတ်ရန်နှင့် သိလိုသည်များကို သိရှိလာရန်အတွက် ဘုရားသခင်က ကျွန်ုပ်တို့အား အခွင့်အရေး ပေးတန်ရာ၏။ ဤလူ့ဘောင်သမိုင်းတလျှောက် အသက်ရှင် ထင်ရှားခဲ့သူများအား ကောင်းကင်ဘုံ၌ အမှန်ဆုံတွေ့ပြီး စကားပြောခွင့် ရရှိမည့် အခွင့်အရေးများအား တွေးတောကာနေခြင်းဖြင့်လည်း အံ့ဘွယ်ရာ ဖြစ်နေပေသည် မဟုတ်ပါလား။

*ဒီဘီဘီ*

ကောင်းကင်နိုင်ငံသည် အဆုံးသတ် နိဂုံးချုပ်ရာ  အရပ်မဟုတ်၊ အစပျိုး နိဒါန်းစသည့် အရပ်သာ ဖြစ်ပေသည်။

*ဒီဘီဘီ*

# *ပကတိစစ်မှန် ကောင်းကင်နိုင်ငံ*

လူအများက ကောင်းကင်နိုင်ငံဆိုသည်မှာ တစ်နေ့လုံးတိမ်တိုက်များ ပေါ်တွင် ထိုင်နေပြီး၊ စောင်းကို ညင်သာစွာ တီးခတ်နေကာ အချိန်ကုန်သွားစေခြင်း ဖြစ်သည်ဟု ထင်မှတ်ကြပေသည်။ ကောင်းကင်ဘုံသား တို့သည်လည်း ဘာမျှလုပ်ကိုင် စရာမရှိဘဲ၊ သန့်ရှင်းစင်ကြယ်သူများ သက်သက်သာလျှင် ဖြစ်ကြသည်ဟု ထင်မြင်နေကြရာ ဤကဲ့သို့ ထင်မြင်ကြသူများကပင် ကောင်းကင်နိုင်ငံအား နှစ်မြို့ဘွယ်ရာ အရပ်အဖြစ် မမြင်နိုင်လှတော့ပေ။ ဘုရားသခင်အား ကျေးဇူးတင်ရန် ကောင်းလှသည်မှာ ကောင်းကင်နိုင်ငံ ဆိုသည်မှာ - ထိုသို့ တွေးထင် ယူဆကြသည့်အတိုင်း မဟုတ်ခြင်းပင် ဖြစ်သည်။

*ဒီဘီဘီ*

ကောင်းကင်ဘုံ ဆိုသည်မှာ အခြေအနေ တစ်ရပ်သော်လည်းကောင်း၊ ဖြစ်ပေါ်လာမှု ခြင်းရာအကြောင်းရပ် တစ်ခုသော် လည်းကောင်း၊ မဟုတ်ပေ။ ကောင်းကင်ဘုံ ဆိုသည်မှာ ပကတိ စင်စစ်အမှန်တစ်ကယ် ရှိသော နေရာအရပ် တစ်ခုဖြစ်ပေသည်။ ခရစ်တော်က "သင်တို့အတွက် ငါသွား၍ နေရာပြင်ဆင်ပေးမည်" ဟု ကတိတော် ရှိပါသည်။ ဆက်လက်၍ ခရစ်တော်ကပင် "ငါ့ခမည်းတော်၏ အိမ်တော်၌ အခန်းပေါင်းများစွာ ရှိသည်"
ဟု မိန့်တော်မူ၏။ (ယောဟန် ၁၄း၂)

*စီအယ်လ်အေ*

ကောင်းကင်ဘုံသည် ပကတိ စစ်မှန်ပြီး လက်တွေ့ဖြစ်ပေါ် လုပ်ကိုင်နေမှုများရှိကာ - သာမာန် အသိဖြင့်ပင် သိရှိနိုင်သော စစ်မှန်သည့် နေရာဖြစ်ပေသည်။

*ဒီဘီဘီ*

ကောင်းကင်ဘုံသည် လက်ရှိလောကတွင် တွေ့ကြုံဖြစ်ပေါ် နေမှုများနှင့် လွန်စွာကွာခြားလှခြင်း မရှိပါ။ ထိုသို့ရောက်ရှိသော် သဘောပေါက်

နားလည်ရန် ခက်ခဲလွန်းလှသည် မဟုတ်ပါ။ ကောင်းကင်ဘုံနှင့် ဤလောကသည် လွန်စွာခြားနားနေပါက ကျွန်ုပ်တို့ ထိုနေရာသို့ ရောက်ရှိသွားသောအခါ ထိုအခြေအနေများကို လုံးဝသဘောပေါက် သိရှိနိုင်မည် မဟုတ်တော့ဘဲ၊ ကောင်းကင်ဘုံနှင့် ဆက်စပ်နိုင်စရာ အကြောင်းလည်း ရှိတော့မည် မဟုတ်ပေ။

*ဒီဘီဘီ*

ကောင်းကင်ဘုံ၌ ဖြစ်ပေါ်လျှက်ရှိသော အကြောင်းခြင်းရာများသည် ဤလောကမှာကဲ့သို့ပင် ဖြစ်ပေါ်တည်ရှိနေပြီး လွန်စွာမှ မထူးခြားလှကြောင်းကို တွေ့မြင်ကြရသောအခါ ကျွန်ုပ်တို့ အံ့ဩမိကြပေမည်။ မှန်ပေသည်။ ကောင်းကင်ဘုံ၏ ထူးခြားမှုမှာ ဤလောကထက် အရာရာသည် ပိုမိုကောင်းမွန်ခြင်း၊ ပိုမိုလှပခြင်း နှင့် ထူးဆန်းအံ့ဘွယ်ရာများ စုံလင်နေခြင်းပင် ဖြစ်သည်။ ထိုနေရာ၌ ဒုက္ခဆင်းရဲခြင်း၊ စုံစမ်းနှောက်ယှက်ခြင်း၊ ပြင်းပြသော ဝေဒနာများ ခံစားရခြင်း၊ နစ်နာဆုံးရှုံးမှုနှင့် ငိုကြွေးခြင်းများသည်ကား ဤလောကမှာကဲ့သို့ တွေ့ရှိရမည် မဟုတ်ပေ။ သို့သော် ကျွန်ုပ်တို့သည် ဤလောကမှာကဲ့သို့ ပြောင်းလဲမှုများကို ခံနိုင်ရည်ရှိ သွားပေမည်။ သို့သော် ကောင်းကင်ဘုံ၌ တုန်လှုပ်သွားသည်အထိ ဤလောကမှာကဲ့သို့ လူမှုရေးရာ စိုးရိမ်ဘွယ်ရာများ တွေ့ရှိခံစားရမည် မဟုတ်ပေ။ ယခု ကျွန်ုပ်တို့ အသက်ရှင်နေရာ လောကနှင့် ကောင်းကင်ဘုံသား ဘဝမှ လွန်စွာမှပင် တူနေပေသည်။ ပျက်ကွက်ချို့ယွင်းမှု အဖြစ်ကား မကောင်းမှု၊ ဆိုးသွမ်းမှုများအား ဤလောကမှာကဲ့သို့ တွေ့ရမည်မဟုတ်။

*ဒီဘီဘီ*

ကောင်းကင်ဘုံ ဆိုသည်မှာ အစဉ်သဖြင့် နားနေရာမဟုတ်၊ ထာဝရ အသက်ရှင်ရာ အရပ်သာလျှင် ဖြစ်ပေသည်။

*စီအယ်လ်အေ*

ကွယ်လွန်သွားကြသော ချစ်ခင်သူများသည် ကောင်းကင်ဘုံသို့ ရောက်ရှိကြပြီး သူတို့သည် မည်သည့်အလုပ်ကိုမျှ မလုပ်ကိုင်ကြရဘဲ ပေါ့ပါးလွတ်လပ်စွာ အနားယူနေကြခြင်း သက်သက်သာလျှင် ဖြစ်ကြသည်ဟု ကျွန်ုပ်အား ဖြောင့်ဖြပြောဆိုလာရန် မကြိုးစားပါလေနှင့်။ ထိုသို့သော အခြေအနေမျိုးသာ ဆိုပါလျှင် ကောင်းကင်ဘုံ မဟုတ်တော့ဘဲ၊ ငရဲသဏ္ဍာန်သာလျှင် ပေါ်ပေါက်နေပါမည်။

*ကင်းဘဲလ်မော်ဂင်*

ကောင်းကင်ဘုံ၌ သန့်ရှင်းသူများသည် ထာဝရအစဉ်သဖြင့် အားလပ်နေကြသည်ဟူသော အစဉ်အလာ တွေးခေါ်ထင်မြင်ယူဆခြင်းမှ ကျွန်ုပ်တို့သည် ရှောင်ကျဉ်သင့်ပေသည်။ ထိုသန့်ရှင်းသူများသည် လုပ်ကိုင်စရာတစ်ခုမျှ မရှိကြဘဲ၊ စောင်းများ တီးနေကာ အခါမလပ် သီချင်းသီဆိုနေကြသည် ဟူ၍လည်း မထင်မြင်သင့်တော့ပါ။

*အိပ်ချ်လောက်ယာ*

ကျွန်ုပ်တို့ နေထိုင်ရာ စကြဝဠာကြီးသည် အသေးမွှားဆုံးသော အီလက်ရွှန်လေးအထိ ရွေ့လျားလှုပ်ရှားလျှက် နေ၏။ ကောင်းကင်ဘုံသည်လည်း အလွန်အလုပ်များပြားကာ အရာအားလုံးမှာ ရွေ့လျားလှုပ်ရှားလျှက် ရှိနေသည်ကို သံသရ ရှိရန်မလိုပါ။ နေနှင့် ဂြိုဟ်များသည် စကြဝဠာအတွင်း အလွန်လျင်မြန်သော နှုန်းများဖြင့် ဖြတ်သန်းသွားလာလျက် ရှိပေသည်။ ကောင်းကင်ဘုံသားတို့သည် လုပ်ကိုင်စရာ ဘာတစ်ခုမျှမရှိဘဲ၊ ဖိမ်ဖြင့် လဲလျောင်းကာ ငြီးငွေ့ပျင်းရိဘွယ် ရပ်တန့်နေသော ဘဝမျိုး၌ အသက်ရှင်နေကြသည်ဟု တွေးထင်ခြင်းမှာ ဟောင်းနွမ်းသော အတွေးအခေါ်သာလျှင် ဖြစ်ပေသည်။ ဤဟောင်းနွမ်းသော တွေးထင်မှုမျိုးထက် အမှန်တရားကင်းဝေးသော အတွေးအမြင်မျိုး မရှိတော့ပေ။ ကောင်းကင်ဘုံသားတို့သည် သစ်ပင်ရိပ်များ၌ လဲလျောင်း ထိုင်နေကြပြီး အသက်စမ်းချောင်း ကမ်းနံပါးပေါ်တွင် ကြိုးတစ်ချောင်း တစ်ထောင်ပါရှိသော စောင်းကောက်များပင် တီးနေကြကာ- အလုပ်လုပ်စရာ မရှိသော ကမ္ဘာတွင် ထာဝရနေထိုင် သွားကြလေသတည်း ဟူ၍လည်း အခြေအမြစ် မရှိသော မှန်းဆတွေးတောမှုမျိုး မပြုလုပ်သင့်ပေ။ ဘုရားသခင်သည် မိမိထံရောက်ရှိလာ သူများအား ပြန်လည်သစ်လွင်လိုက်ပြီး ဘုန်းတန်ခိုး ဖြည့်စွမ်းထားသည့် စိတ်နှင့်ခန္ဓာကိုယ် ပိုင်ရှင်များအား ဘာမျှ မလုပ်ကိုင်စေဘဲ နေစေခြင်းအတွက် - ကောင်းကင်ဘုံသို့ ပို့ဆောင်ခြင်းသည် အဓိပ္ပါယ်ပြည့်ဝစေမည် မဟုတ်ကြောင်း ကျွန်ုပ်တို့ တွေးတော ဆင်ခြင်သင့်ပါသည်။

*လီဝင်ဘီဝီလျံ*

ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့သည် မိမိတို့ လုပ်ကိုင်ရမည့် အလုပ်များအား မလုပ်မကိုင်ဘဲ ရပ်နားလိုက်၍ မရပေ။ သို့သော် ခက်ခဲပင်ပန်းသော အလုပ်များ လုပ်ကိုင်ရမည် မဟုတ်ပါ။ ပင်ပန်းကြာရှည်စွာ လုပ်ကိုင်ရမည့် အလုပ်များ မရှိသကဲ့သို့ လုပ်ငန်းခွင်အတွင်း နာကျင်ထိခိုက်မှု၊ မောပန်းနွမ်းနယ်မှုများသည်လည်း မရှိပါ။

*ဒီဘီဘီ*

ထိုနေရာ၌ ကျွန်ုပ်တို့သည် လုပ်ကိုင်စရာများစွာ ရှိလေသည်။ သို့သော် ယခုကမ္ဘာလောက နေရာပေါ်တွင် လုပ်ကိုင်ရသည်ထက် များစွာ လွယ်ကူသက်သာ နေပေမည်။ ထိုနေရာ၌ ဝမ်းနည်း ကြေကွဲခြင်း၊ ရောဂါဝေဒနာဖြစ်ခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ မောပန်းနွမ်းလျခြင်း၊ သေခြင်း၊ မျက်ရည်ကျငိုကြွေးခြင်းများ မရှိတော့ပါ။ ကျွန်ုပ်တို့သည် မိမိအလုပ်မှ အနားယူသည့်နည်းတူ ကောင်းကင်ဘုံ၌လည်း ထိုနည်းတူ အနားယူရပေမည်။ လုပ်စရာအများအပြား ရှိနေပေမည်။ ထိုသို့မဟုတ်ပါက လုပ်ကိုင်စရာ မရှိနေခြင်းအတွက် နောက်ဆုံး၌ ကျွန်ုပ်တို့သည် မပျော်ပိုက်နိုင်ဘဲ ရှိချေတော့မည်။

*ဒီဘီဘီ*

ထာဝရ အနားယူခြင်း ဆိုသည်မှာ စဉ်းစားကြည့်မည် ဆိုပါက ငြီးငွေ့ဘွယ်ရာတော့ ကောင်းပေသည်။ ကျွန်ုပ်တို့သည် ဘာမျှ လုပ်စရာမရှိဘဲ တာဝန် ဝတ္တရားများလည်း တစ်စုံတစ်ရာမျှ မရှိပါက အသက်ရှင်ခြင်း ဆိုသည်မှာ ငြီးငွေ့ဘွယ်ရာ ဝန်ထုပ်ဝန်ပိုး တစ်ခုသာလျှင် ဖြစ်ပေတော့မည်။ ပါရာသုတိဘုံဆိုသည်မှာ - လှပသာယာနေချင်စဘွယ် အရပ်တစ်ခုသာလျှင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအရပ်သည် ရှင်သန်ကြီးထွားတိုးတက် နေသော အရပ်ဖြစ်နေခြင်းကြောင့် ပေတည်း။

*စီအယ်လ်အေ*

ထိုအနာဂါတ် အသက်တာဘဝကို ကျွန်ုပ်ခံစား ကြည့်မိသည်။ ထိုအခါ ကျွန်ုပ်သည် မီးလောင်ပြီး ပြာကျသွားသော သစ်တော်တစ်ခုအလား - ရွက်နုများ၊ အမြစ်နုများ၊ အစို့များဖြင့် ရှင်သန်လန်းဆန်း လာသကဲ့သို့ မိမိကိုယ်ကို ခံစားသိရှိ မိပေသည်။ သေချာပေါက်ပင် ကျွန်ုပ်သည် ကောင်းကင်ဘုံရှိရာသို့ ဦးမော့ကာ လှမ်းတက်သွားပေမည်။ လက်ရှိဘဝ၏ နိဂုံးကျရောက်ချိန်သည် နီးလာလေလေ- သေမင်း၏ တီးမှုတ်ဖိတ်ခေါ်သံများသည် ကျွန်ုပ်အတွက် ရိုးလာလေလေဖြစ်နေတော့သည်။ ရာစုနှစ်ဝက် ကာလအတွင်း ကျွန်ုပ်သည် မိမိ၏တွေးခေါ် ထင်မြင်ချက်များအား ကဗျာ၊ လင်္ကာ၊ စကားပြေ၊ သမိုင်း၊ ဒဿနိက၊ ကဇာတ်၊ ပြဇာတ်၊အလွမ်း၊ စွန့်စားအချစ်ဇာတ်လမ်း၊ ဂန္ထဝင်အစဉ်အလာ၊ စာပြောင်၊ ဘွဲ့ကဗျာနှင့် တေးသီချင်းများ အသွင်သို့ ပြန်ဆိုခံစားကြည့်ရန် ကြိုးပမ်းခဲ့ပါသည်။ သို့သော် ကျွန်ုပ်၏ ခန္ဓာနှင့် စိတ်အာရုံအတွင်းရှိ ရာထောင်ပေါင်း များစွာသော အစိတ်အပိုင်းများကို ပြန်လည် သိရှိခံစားတတ်ရန် မြွက်ဟပြောဆိုနိုင်စွမ်း မရှိသည်ကို ကျွန်ုပ်သိရှိပါသည်။ သင်္ချိုင်းဂူသို့ ရောက်ရှိလဲလျောင်းသောအခါ၌ အများနည်းတူ ကျွန်ုပ်သည်လည်း “လောက၏ အလုပ်တာဝန်များ ပြီးဆုံးပါပြီ” ဟု ပြောဆိုနိုင်ပေမည်။ သို့သော် “ကျွန်ုပ်၏ အသက်တာ ကုန်ဆုံးပြီ” ဟူ၍ကား ပြောဆိုနိုင်မည် မဟုတ်။ မနိုးတော့သော အိပ်ပျော်ခြင်းတွင် အိပ်ပျော်နေပြီ ဖြစ်သော်လည်း နောက်တစ်မနက် နံနက်ခင်းတွင် ကျွန်ုပ်၏ အလုပ်ဝတ္တရားများ ပြန်စရပေတော့မည်။ သင်္ချိုင်းဆိုသည်မှာ ထွက်ပေါက်မရှိသော နေရာမဟုတ်။ နှစ်ဖက်စလုံး ထွက်ရန် လမ်းများ ပွင့်နေပါသည်။ ဆည်းဆာအချိန်၌ လမ်းမရှိ၊ လမ်းပိတ်လျက် ရှိစေကာမူ အာရုံကျရောက် လာသည်နှင့် လမ်းပွင့်သွားတော့၏။

*ဗစ်တာဟယူးဂိုး*

သေခြင်းဆိုသည်မှာ အနားယူခြင်း၏ ဆန့်ကျင်ဘက် ဖြစ်ပေသည်။ ဤဘဝတွင် သစ္စာရှိသော သူများအား ယေရှုက ဤကဲ့သို့ ဂတိစကား ပြောကြားခဲ့ပါသည်။ “သာခု၊ သစ္စာရှိသော ငယ်သားကောင်း၊ သင်သည် အမှုအခွင့်ကို သင်၌ငါပေးအပ်မည်။ သင်၏ သခင်နှင့်အတူ စည်းစိမ်ကို ဝင်စားလော့” ဟု မိန့်တော်မူ၏။ (မဿဲ။ ၅း၂၃) သေခြင်းဆိုသည်မှာ မိမိ၏ ဝိညာဉ်အား ပိုမို ကြီးမားသော တာဝန်လုပ်ကိုင်ရန်အတွက် လွှတ်မြောက် ကူးပြောင်း ပေးစေခြင်းဖြစ်သည်။

*စီအယ်လ်အေ*

အနာဂါတ် အသက်တာဘဝ ဆိုသည်မှာ - ကျွန်ုပ်တို့ အနေဖြင့်၊ ဤစကြာဝဠာ တစ်ခုဖြစ်ပေါ်လာနိုင်ရေးအတွက် ပါဝင်ကူညီ ဆောင်ရွက်ရန် ဖြစ်သည်။ ထိုသို့ ပြည့်စုံ ကြွယ်ဝသော စကြာဝဠာတစ်ခု ဖြစ်လာရေးသည် ဘုရားသခင်၏ အပြီးသတ် ရည်မှန်းချက်ပင် ဖြစ်ပါသည်။ ပိုမိုကောင်းမွန်သော ကောင်းကင်နိုင်ငံ၌ အချိန်တိုင်းတွင် လူတစ်ဦးချင်းမှာ အလုပ်များပြားလျက် ရှိနေမည်။ ပါတ်ဝန်းကျင် တစ်ခုလုံးသည်လည်း ဘုရားသခင်က ချမှတ်တာဝန် ပေးထားခြင်းများ ရှိနေ၍ ချွတ်ယွင်းချက်များ ကင်းဝေးကာ သာယာကောင်းမွန်လျက် ရှိပေသည်။

*အယ်ဒွင်းမတ်ဟမ်း*

# ကောင်းကင်ရွှေမြို့တော်

အိမ်ကြီးအိမ်ကောင်း ဗိမာန်များ၊ ကလေးသူငယ်များ တူရိယာ တေးဂီတနှင့် ချစ်စဖွယ် လက်သပ်မွေး တိရစ္ဆာန်များ အားလုံးပြည့်စုံနေလို့ပါလား။

ကျွန်ုပ်တို့အတွက် ဘုရားသခင် ပြင်ဆင်ထားသော စည်းစိမ်ရှိရာ ဆန်းကျယ်လှသည့် ကောင်းကင်ရွှေမြို့တော်အကြောင်းကို ဘုရားသခင်၏ သန့်ရှင်းသော သမ္မာကျမ်းစာ၌ ဗျာဒိတ်ကျမ်း၏ နောက်ဆုံးအခန်း နှစ်ခန်းတွင် ရှင်ယောဟန်က ဗျာဒိတ်နိမိတ်ဖြင့် ဖော်ပြထားပါသည်။ ထိုကောင်းကင် ရွှေမြို့တော်သည်ကား အလွန် ဆန်းကျယ်ပြီး အသက်ရှုမှားလောက်အောင် ရင်သပ်ရှုမောလှပသာယာပြီး မဖော်ပြတတ်လောက်အောင် ဆန်းကျယ် တင့်တယ်လှပေသည်။

ထိုမြို့သည်ကား တည်ဆောက်ပြီးသမျှ မြို့များအနက် အကြီးကျယ်ဆုံး ဖြစ်ပြီး ဘုရားသခင် ကိုယ်တော်တိုင် တည်ဆောက်ခဲ့ခြင်း ဖြစ်ပေသည်။ ထိုမြို့သည် မိုင်၁၅၀၀ ကျယ်ပြီး မိုင်၁၅၀၀ မြင့်ပါသည်။ ယင်းရွှေပယင်း ဖန်သားအလှအပမှ ရွှေဝါရောင်တန်းများဖြင့် တောက်ပကာ သင်နှင့် ကျွန်ုပ်အတွက် အပါအဝင် ရွှေဖြင့် တည်ဆောက်ထားသော ဗိမာန်အိမ်ယာများ ရှိနေပါသည်။

လမ်းများသည် ရွှေသားစစ်စစ်ဖြင့် တည်ဆောက်ထားပြီး မီးပွားများ ဖြာထွက်နေသည်ဟု ထင်ရလောက်အောင် အဖိတ်ဖိတ် အရောင်လက်တောက်ပြောင်လျက် ရှိပေသည်။ ထိုမြို့ကို အလွန်မြင့်မားသော နံရံဖြင့် ကာရံထားပြီး ပုလဲဖြင့် ဆောက်လုပ်ထားသော တံခါးမကြီး (၁၂) ခု ရှိပေသည်။ ထိုသို့ နံရံကာရံထားခြင်းမှာ ကောင်းကင်ရွှေမြို့တော်သို့ ဝင်ရန် အချိန်မတန်သေးသော သူများအား တားဆီးဟန့်တားရန်ပင် ဖြစ်သည်။

တောက်ပြောင်နေသော တံခါးမကြီးများ အတွင်း၌ကား ဘုရားသခင် စံမြန်းရာ ပါရာဒိသုဘုံကြီး တည်ရှိလေသည်။ ထိုဗိမာန်တော်ကြီးအား ထာဝရ သက်စမ်းချောင်းသည် စိမ်းစိုသော ပန်းဥယျာဉ်များကို အလွန်ကျက်သရေ ရှိစွာဖြင့် ဝေ့ပတ်စီးဆင်းလျက် ရှိပေသည်။ ချောင်းဘေးဝဲယာတွင်ကား ကလေးများသည် သိမ်မွေ့သော တိရစ္ဆာန်များနှင့် ရယ်မောပျော်ရွှင်စွာ ကစားနေကြသည်။ ထိုနေရာ၌ ကျွန်ုပ်တို့ကို စွန့်ခွာသွားခဲ့သော ချစ်ခင်ရသူများမှာ ကျွန်ုပ်တို့၏ အလာကို စောင့်မျှော်လျက် ရှိကြသည်။

*ဒီဘီဘီ*

ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့ တစ်ယောက်စီအတွက် နေထိုင်ရာ သီးသန့် နေရာများ ရရှိပေမည်။ ဤလောကမှ မစွန့်ခွာမီ ယေရှုကသူ၏ နောက်လိုက် တပည့်တော်များနှင့် သူ့အား ယုံကြည်သူများကို “ငါ့အဖ၏ အိမ်တော်၌ နေစရာအခန်း အများရှိသည်။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အား ငါမပြောဘဲမနေ။ သင်တို့ နေရာအရပ်ကို ပြင်ဆင်ခြင်းငှာ ငါသွားရ၏။ ငါသည် သွား၍ သင်တို့နေစရာ အရပ်ကိုပြင်ဆင်ပြီးမှ တစ်ဖန်လာပြန်၍ ငါရှိရာအရပ်၌ သင်တို့ ရှိစေခြင်းငှာ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်” ဟု မိန့်မှာခဲ့သည်။ မကြာမီ ကာလအတွင်း ကျွန်ုပ်တို့သည် ငွေကြေးလုံးဝ မကုန်ကျရဘဲ နေစရာဗိမာန်ကို ရရှိပိုင်ဆိုင် ကြပေတော့မည်။ ထိုဗိမာန်အတွက် ကုန်ကျစရိတ်နှင့် ထိန်းသိမ်းစရိတ်များ ကျခံရန် မလိုအပ်ပါ။

*ဒီဘီဘီ*

ကလေးသူငယ်များ မရှိသော ကောင်းကင်ဘုံဟူ၍ စဉ်းစားမှန်းဆရန် ခက်ခဲလှသည်။ ကောင်းကင်ဘုံမှာ ကလေးမရှိရင် ဘယ်ဖြစ်နိုင်ပါ့မလဲ။ ကောင်းကင်ဘုံ မဟုတ်တော့ဘူးပေါ့။

*ဒီဘီဘီ*

ကောင်းကင်ဘုံ၌ ကလေးသူငယ်များ မရှိရင် အတော်ငြီးငွေ့ဘွယ် ကောင်းပေမည်။ အဲဒီလိုသာဆိုရင် ကျွန်ုပ်တို့ ဘာလုပ်ကြမလဲ။ အားလုံးအိုမင်း သွားကြမလား။ နောက်ပြီး အသက်အရွယ်တွေ ရပ်တန့်သွားပြီ။ အဲဒီလိုဘဲ အဆုံးသတ် သွားကြမှာလား။ တစ်ကယ်လို့ မွေးဖွားပြီး သူတွေက ကြီးရင့်လာပြီး မျိုးဆက်သစ် ကလေးသူငယ်များ ပျက်သုန်းချွတ်ယွင်း နေသကဲ့သို့ မည်သို့ ရှိနေမည်နည်း။ အကယ်၍များ ကလေးသူငယ်များ မရှိပါက အသက်မဲ့ လူ့အဖွဲ့အစည်း တစ်ခုသာ ဖြစ်ပေတော့မည်။

*ဒီဘီဘီ*

ကောင်းကင်ဘုံသည် ကလေးသူငယ်များအား ပြုစုပျိုးထောင်ရန် အကောင်းဆုံးနေရာပင် ဖြစ်သည်။ အစစအရာရာသည် မူလက ရည်မှန်းထားသည် အတိုင်းဖြစ်လာပေမည်။ အလွန်ကောင်းမွန်သော ပါတ်ဝန်းကျင်တွင် နာကျင်ခြင်းနှင့် ဘေးအန္တရာယ် ကင်းဝေးကာ ထိခိုက်ဒဏ်ရာ ရရှိခြင်း၊ သေခြင်းနှင့် ဤကမ္ဘာလောက၌ တွေ့ကြုံရသော ဆိုးသွမ်းမှု ဘေးဒုက္ခများ ကင်းဝေးနေပေမည်။ ကလေးသူငယ်များ ငိုစရာ အကြောင်း လုံးဝမရှိပါ။ ၎င်းတို့ လိုအပ်တာဟူသမျှ ရရှိပေလိမ့်မည်။ သူတို့ရဲ့ လိုအပ်ချက်ကို ကျွန်ုပ်တို့ အလွယ်တကူ သိရှိနိုင်ပြီး သူတို့လေးတွေ ဘာလိုအပ်နေတာလဲ ဟူ၍လည်း တွေးတော စဉ်းစားစရာ မလိုပါ။ ကောင်းကင်ဘုံ၌ ကလေးသူငယ်များကို ပြုစုပျိုးထောင်ရမည့် အကျိုးခံစားရမှုများကို စဉ်းစားကြည့်ပေတော့။ တစ်ကယ့်ကို စစ်မှန်သော သာယာပျော်ရွှင်မှုပင် ဖြစ်ပေမည်။

*ဒီဘီဘီ*

ကလေးသူငယ်များအား မွေးဖွားပြီး ကြီးပြင်းလာအောင် ပြုစု ပျိုးထောင်ပေးခြင်းဖြင့် ကောင်းကင်ဘုံ၌ ရည်ရွယ်ချက် အသစ်သာမက ဘဝသစ်ကိုပါ ဖြစ်ပေါ်ရရှိစေပေမည်။ အရာခပ်သိမ်း၏ နိဂုံးမဖြစ်ဘဲ နိဒါန်းပျိုးခြင်းသာ ဖြစ်ပေသည်။

*ဒီဘီဘီ*

ကောင်းကင်ဘုံဆိုသည်မှာ စိမ်းလဲ့လဲ့ချုံပုတ်ငယ်များနှင့် တစ်ကွ မြက်ခင်းစိမ်းစိမ်းလေးများအပေါ် ကလေးသူငယ်များ လမ်းလျှောက်နေ၏။ ကျန်းမာသန်စွမ်းစေသော သစ်သီးများ ခူးစားကာ အသက်စမ်းချောင်းမှ အအေးမြဆုံး ရေကို သောက်ရာ၏။ ကျယ်ပြန့်သော မြက်ခင်းများ၌ ကိုယ်လက် ဆန့်တန်း လူးလှိမ့်လူးကာ ပျော်ရွှင်စွာ ရေချိုးခြင်း၊ ခုန်ပေါက်ခြင်း၊ ပြေးလွှားခြင်းများကို ပြုလုပ်ကာ ဘာဘဲလုပ်နေလုပ်နေ ခရစ်တော်ဘုရား၏ မျက်လုံးများကို ဆုံစည်းတွေ့ရှိနိုင်သော နေရာပေတကား။

*သောမတ်စ်မော*

တေးဂီတသည် ကျွန်ုပ်တို့၏ အရေးပါလှသော ပါတ်ဝန်းကျင်တစ်ခု ဖြစ်နေပေဦးမည်။ သမ္မာကျမ်းစာက ကောင်းကင်တမန်များ ကောင်းကင်ဘုံ၌ သံစဉ် တေးသီချင်းများ သီဆိုထားခြင်းကို ဖော်ပြထားပါသည်။ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံ၌ အသာယာ အငြိမ့်ညောင်းဆုံး တူရိယာ တီးဝိုင်းများလည်း ရှိနေခြင်းကြောင့် ဤကမ္ဘာလောကတွင် မကြားဘူး၊ မတီးမှုတ်သေးဘူးသည့် တေးဂီတသံများကို ကြားရပေမည်။ ကောင်းကင်ဘုံ၌ ကြားရမည့် တေးဂီတမှာ ယခုချိန်ထိ ဤကမ္ဘာတွင် နှိုင်းယှဉ်ဖော်ပြခြင်းပင် မရှိသေးပါ။ ဤလောက၌ လူ၏လက်ဖြင့် ပြုလုပ်သော တူရိယာများဖြင့် သာယာငြိမ့်ညောင်းသော တေးသီချင်းများ တီးမှုတ်နိုင်မည် ဆိုပါက ဘုရားသခင်သည် အံ့ဖွယ်သူရဲဖြစ်သော လုပ်ရပ်များ လုပ်နိုင်သည်ကိုသာ သင်စဉ်းစားကြည့်ပါလော့။

*ဒီဘီဘီ*

တေးဂီတ ပညာရှင်များသည် အကောင်းဆုံး တေးများတီးမှုတ် တတ်သော တေးဂီတပညာရှင် အသစ်များကို မျှော်လင့်ကြိုဆို နိုင်ပေမည်။ မိမိတို့ ကိုယ်ပိုင်တီးဝိုင်းကိုပင် ထူထောင်နိုင်ကြပေမည်။

*ဒီဘီဘီ*

ကောင်းကင်ဘုံ၌ တိရစ္ဆာန်များလည်း ရှိပေလိမ့်မည်။ ပရောဖက် ယေရှာယက “တောခွေးသည် သိုးသငယ်နှင့် အတူနေလိမ့်မည်။ ကျားသစ်သည် သိုးသငယ်နှင့်အတူ အိပ်လိမ့်မည်။ နွားသငယ်၊ ခြင်္သေ့သငယ် တို့ကဲ့သို့ ဆူအောင်ကျွေးသော အကောင်တို့သည် အတူသွားလာကြ၍ လူသူငယ်သည် သူတို့ကို ပို့ဆောင်လိမ့်မည်။ နွားမနှင့် ဝံမသည် အတူကျက်စား၍ သူတို့သားငယ်များသည် အတူအိပ်ကြလိမ့်မည်။ ခြင်္သေ့သည်လည်း နွားကဲ့သို့ မြက်ကိုစားလိမ့်မည်” ဟု နမိတ်ဖတ် ဟောကြားခဲ့ပါသည်။ (ဟေရှာယ ၁၁း ၆-၉)

*ဒီဘီဘီ*

ဤလောက၌ ကျွန်ုပ်တို့နှင့် ကလေးသူငယ်များအတွက် ဘုရားသခင်က တိရစ္ဆာန်မျိုးစုံကို ဖန်ဆင်းပေးအပ် ထားပါသည်။ ကလေးများ လက်သပ်မွေးမြူ ချစ်ခင်ရန်နှင့် ကလေးများနှင့်အတူ ကစားမည့် တိရစ္ဆာန်များ ၊ ကျွန်ုပ်တို့အတွက် အဖော်မိတ်ဆွေများ ဖြစ်ရန်လည်း တိရစ္ဆာန်များကို ဖန်ဆင်းပေး ထားပါ၏။ ဤတိရစ္ဆာန်များ အားလုံးကို ကောင်းကင်ဘုံ၌လည်း ကျွန်ုပ်တို့ ပြန်လည်ပေါင်းသင်း ချစ်ခင်ရပေဦးမည်။

*ဒီဘီဘီ*

ဘုရားသခင်က ကျွန်ုပ်တို့အတွက် ကောင်းကင်ဘုံ၌ ပြင်ဆင်ထားရှိ သည်များကို သိမြင်သောအခါ ကျွန်ုပ်တို့သည် ရှင်ပေါလုနှင့် စိတ်သဘောထား တူညီလာမည် ဖြစ်ပါသည်။ ရှင်ပေါလုက “ကျမ်းစာလာသည်နှင့်အညီ ဘုရားသခင်ကို ချစ်သော သူတို့အဖို့ အလို့ငှာ ဘုရားသခင် ပြင်ဆင်တော်မူသော အရာတို့ကို လူမျက်စိဖြင့် မမြင်၊ နားဖြင့် မကြား စိတ်နှလုံးဖြင့် မကြံစည်သေး” (၁ကော။ ၂း၉) ဟု ရေးသားထားသည်။ ကျွန်ုပ်တို့ စိတ်ကူးခြင်းပင် မပြုသော အရာများသည် အလွန်လှပ ဆန်းကျယ်လျက် ရှိပေသည်။

*ဒီဘီဘီ*

# နိဂုံး

ကောင်းကင်ဘုံနှင့် ပတ်သက်၍ ရှုဒေါင့်အမျိုးမျိုးဖြင့် ဤစာအုပ်ငယ်တွင် ဖေါ်ပြထားပြီး ဖြစ်ပါသည်။ သို့သော် အဖြေ မရရှိသေးသော ပဟေဠိ ပုစ္ဆာများ ကျန်ရှိနေပေ၏။ အဖြစ်နိုင်ဆုံး မေးခွန်းသည်ကား ကျွန်ုပ်ကောင်းကင်ဘုံသို့ သွားရမည်ကို သေချာပေါက် မည်သို့ သိရှိနိုင်ပါမည်နည်း။ ကျွန်ုပ်တို့ အတော်များများသည် ကောင်းကင်ဘုံသို့ သွားလိုပါသည်။ သို့သော် ဆန်းစစ်ကြည့်သောအခါ ကျွန်ုပ်တို့သည် အမှန်ပင် ကောင်းကင်နိုင်ငံနှင့် ထိုက်တန်သင့် တော်သူများ ဟုတ်မဟုတ် ကျွန်ုပ်တို့ မသေမချာ ဖြစ်ကြတော့သည်။

ကျွန်ုပ်တို့အား လူသားအဖြစ် ဖန်ဆင်းသည်အထိ ချစ်တော်မူပြီး ဤဘဝ ဤစကြာဝဠာ တစ်ခုလုံးနှင့် ယခုလေးပင် ဖတ်ကြား သိရှိလိုက်ရသော ကောင်းကင်ဘုံနှင့် ကျွန်ုပ်တို့အတွက် နေရာထိုင်ခင်း ပြင်ဆင်ထားပြီး ဖြစ်ကြောင်းကို ကျွန်ုပ်တို့ စိတ်ချမှု ရှိစေရန် လွယ်ကူစွာ သိရှိစေပါသည်။ အကောင်းဆုံးနှင့် အရှင်းဆုံး ခြုံပြီးပြောပါက - သမ္မာကျမ်းစာမှ အလွန်အရေးပါသည့် အောက်ပါကျမ်းချက်သည် အဓိကကျလှပေသည်။

*ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သူအပေါင်းတို့သည်*
*ပျက်စီးခြင်းသို့ မရောက်၊ ထာဝရ အသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။*

*ယေရှု၊ ယောဟန် ၃း၁၆*

ဘုရားသခင်သည် ကျွန်ုပ်တို့ တစ်ဦးစီကို ထူးခြားစွာ ချစ်နှစ်သက်ပေသည်။ ကျွန်ုပ်တို့ အမှန်တစ်ကယ် ပျော်ရွှင်ပြီး တစ်ဦးချင်း၏ လိုအပ်ချက်ကို ပြည့်နေစေရန် တစ်ခုတည်းသော လမ်းမှာ ကိုယ်တော်ရှင် ဘုရားနှင့်အတူ ကောင်းကင်နိုင်ငံ၌ အတူတစ်ကွ အစဉ်အမြဲ နေထိုင်သွားခြင်းပင် ဖြစ်သည်။ ထိုသို့ ဖြစ်နိုင်စေရန်အတွက် ဘုရားသခင်သည် သားတော်ယေရှုအား မည်သို့အသက်ရှင်ရမည်၊ ချစ်ခင်ရမည်ကို ပြသစေပြီး ကျွန်ုပ်တို့အတွက် သားတော်အား အသေခံ စေတော်မူပါသည်။ ယေရှုသည် ဤဘဝနှင့် ကောင်းကင်နိုင်ငံအကြား ပေါင်းကူးဆက်စပ်ပေးသူပင် ဖြစ်သည်။

တစ်ဖန် သင်သည် ကောင်းကင်ဘုံသို့ သွားရောက်ရန် ဆိုးသွမ်းလှသည်ဟု မိမိကိုယ်ကို မထင်လိုက်ပါလေနှင့်။ ဘုရားသခင်သည် သင်ပြုလုပ်ခဲ့သမျှ စိတ်ကူး၊ တွေးထင်ခဲ့သမျှသော အရာအားလုံးကို သိရှိတော်မူပြီး သင့်အား ချွင်းချက်မရှိ နှစ်သက်တော်မူ၏။

ကောင်းကင်နိုင်ငံသည် အပြစ်သားများနှင့် ပြည့်လျှက်ရှိ၏။ မကောင်းမှု အပြစ်ဒုစရိုက်များကို ပြုလုပ်ပြီး အပြစ်သားများနှင့် ပြည့်လျှက်ရှိ၏။ ဆိုလိုသည်မှာ မကောင်းမှု ဒုစရိုက်များကို ပြုလုပ်ပြီး ဘုရားသခင်ထံ အပြစ်များမှ ခွင့်လွှတ်ပါရန် တောင်းလျှောက်ခဲ့ ကြသူများပင် ဖြစ်ပါသည်။ ဘုရားသခင် လိုချင်သော တစ်ခုတည်းသော အရာသည်ကား ကိုယ်တော်ရှင်အား သင်မှားယွင်းခဲ့၍ နောင်တရကာ ဝမ်းနည်းမိကြောင်းနှင့် ကိုယ်တော်ရှင်အား သင်၏အသက်တာအတွင်း ဝင်ရောက်လာပါရန် ဖိတ်ခေါ်ရန်သာ ဖြစ်ပါသည်။

သင်သည် ကောင်းကင်ဘုံသို့ အမှန်ပင် ရောက်ရှိမည်ဖြစ်ကြောင်းကို သိရှိလိုပါသလား။ သင်သိလိုပါက ဤဆုတောင်းချက်ကလေး အတိုင်းသာ ရိုးသားစွာ ဆုတောင်းပါ။

*“ ယေရှုခရစ်တော်၊ ကျွန်ုပ်သည် သင့်အားသိရှိလိုပြီး သင်နှင့်အတူ ကောင်းကင်ဘုံ၌ ထာဝရအစဉ် နေလိုပါ၏။ ကျွန်ုပ်သည် အမှားများစွာ ပြုလုပ်ပြီး မကောင်းမှုများစွာ ပြုလုပ်ခဲ့သောကြောင့် ကျွန်ုပ်ဝမ်းနည်းကြေကွဲ မိပါသည်။ ကိုယ်တော်ရှင်၏ မေတ္တာတော်နှင့် ကျွန်ုပ်မထိုက်တန်ပါ။ သို့သော် ကိုယ်တော်ရှင်၏ မေတ္တာတော်ကို ကျွန်ုပ်အား ပေးသနားပါရန်နှင့် ကောင်းကင်ဘုံ၌ ကိုယ်တော်နှင့်အတူတစ်ကွ နေထိုင်နိုင်ခွင့်ကို ပေးသနားတော်မူပါရန် ကျွန်ုပ်အသနားခံ တောင်းလျှောက်ပါ၏။ ကျွန်ုပ်၏ အသက်တာတွင်းသို့ ဝင်ရောက်ပြီး ကျွန်ုပ်အား ကယ်မသနားတော်မူ၏။ ငြိမ်သက်ခြင်းကိုလည်း ပေးသနားတော် မူပါဘုရား ”*

ဘုရားသခင်သည် သင်၏ ဆုတောင်းသံအား ပေးသနားမည်ဟု ကတိရှိပါသည်။ ထို့ကြောင့်သင်သည် ယခုပင် ကောင်းကင်ဘုံ၌ နေစရာအိမ် ရှိနေပေပြီ။ ဘုရားသခင်သည် သင့်အား အံ့သြဆန်းကျယ်ဘွယ် ပြည့်ဝသော ထာဝရအသက်အား ကောင်းချီးပေး သနားတော်မူပြီ။ ထိုနေရာမှာ ဆုံကြပါစို့။